မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၅၄)၊ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ၂၇-၁၁-၂၀၂၆၊ သောကြာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၆

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

စာမျက်နှာ ၃ သို့

ခရိုင် ခုနစ်ခရိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စံပြဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်သမ္မတ၏ **နေပြည်တော်ကောင်စီနယ်မြေခရိုင် လေးခရိုင်အပါအဝင် မိတ္တီလာ၊ ရမည်းသင်း၊ တောင်ငူခရိုင် ခုနစ်ခရိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စံပြဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်**လမ်းညွှန်မှာကြားချက်အပေါ် ခရိုင်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်နေမှုနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် အစီအမံများကို ယနေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု ကြံတောကျေးရွာသို့ သွားရောက်၍ သမဝါယမဦးစီးဌာန၏ သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် (CBF) စီမံကိန်း (Pilot Project) အဖြစ်ဆောင်ရွက်သည့် မှော်ဘီ-၂ မျိုးစပါး ဧက ၁၀၀ ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများအား တွေ့ဆုံကာ မျိုးကောင်းမျိုးသန့်များ တိုးချဲ့ထုတ်လုပ်၍ သမဝါယမအသင်းအချင်းချင်း ပံ့ပိုးပေးနိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် တောင်ငူခရိုင်အတွင်းမှ နိုင်ငံတော်ထောက်ပံ့ငွေ၊ လူမှုစီးပွားရေးမြှင့်တင်ရေး(သက်တန့်ရောင်)စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်မည့် သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးလျက်ရှိသည့် စီမံကိန်းများ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်ဒေသဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး၍ မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အသင်းမှ မွေးမြူထားသော ငါးကန်များနှင့် ဘဲများအား ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အုတ်တွင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းများမှ အသင်းသားတောင်သူများ၊ ဖြူးမြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ငါးသင်းမှ အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ ထပ်မံတိုးချဲ့ဆောင်ရွက်မည့် အစီအမံများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး၊ စနစ်ကျသော သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ယနေ့ ဖတ်စရာ အညွှန်း

ဟန္ဓိုင်းမြို့က လက်ခံကျင်းပမည့် ၂၀၂၆ ဗီယက်နမ် မော်တော်ယာဉ်ပြပွဲတွင် နိုင်ငံစုံမှ ကုန်အမှတ်တံဆိပ်ပေါင်း ၄၄ ခု ပါဝင်ပြသသွားမည်ဟုဆို

စာမျက်နှာ ၈

နည်းပြမော်ရင်ဟို ရီးရဲလ်မက်ဒရစ်အသင်းကို ပြိုင်ပွဲစုံ ၁၀ ပွဲဆက် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့

စာမျက်နှာ ၁၁

တွင်းထွက်များ၏ ပုံဆောင်သဏ္ဌာန် (ဆောင်းပါး)

စာမျက်နှာ ၁၄

၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာ ၂၇ ရက် ၊ သောကြာနေ့။

အကောင်း၊ အဆိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်သော ပညာဉာဏ်ဖြင့် လုပသော ဘဝကိုတည်ဆောက်ရမည်

ပညာဟူသည် အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန်ကို ခွဲခြားပေးနိုင်သော ဉာဏ်ပင်ဖြစ်သည်။ ထိုပညာဖြင့် အရာရာကို မှန်ကန်စွာ ဆုံးဖြတ်ပေးနိုင်သည်။ အမှန်ကိုသာ ဆုံးဖြတ်နိုင်ခြင်းသည် စိတ်ဓာတ်ခွန်အားကိုလည်း ဖြစ်စေနိုင်ပါသည်။ ယုံကြည်မှုဖြင့် ဆောင်ရွက်သမျှသည် ဘဝအတွက် တင့်တယ်နေမည်သာဖြစ်သည်။ ထို့ကြောင့် ရခဲလှစွာသော လူ့ဘဝကြီးတွင် ပညာတည်းဟူသော ဉာဏ်ဖြင့် အကောင်းအဆိုးကို ခွဲခြားနိုင်မည်ဖြစ်သည်။ ပညာကို ဘဝ၏ အားထားရာ အစစ်အမှန်ဟု ယုံကြည်ကာ ပညာ၏တန်ဖိုးကို သိရှိများလည်ပြီး လူ့လောကတွင် ရှင်သန်နေထိုင်နိုင်မည်ဖြစ်သည်။ ''ပညာရွှေအိုး လူမိုး'' ဟူသည့်အတိုင်းပညာသည်သာ လိုအပ်သည့်အချိန်တိုင်း ထုတ်ယူသုံးစွဲနိုင်သော ထာဝရဥစ္စာလည်းဖြစ်သည်။ မိတ်ဆွေဟုဆိုလျှင် လည်းမမှားချေ။ မိတ်ဆွေသည် အကြောင်းအမျိုးမျိုးကြောင့် မိမိနှင့် ထာဝရအတူမရှိနိုင်သော်လည်း၊ ပညာမိတ်ဆွေမှာမူထာဝရ တစ်သားတည်းရှိနေမည်ဖြစ်သည်။

လူ့ဘောင်လောက တစ်ခုလုံး လူ့ဘဝတစ်လျှောက်လုံးတွင် ပညာသည် မရှိမဖြစ် အရေးပါ အရာရောက်လျက်ရှိသည်။လူမှုဘဝတိုးတက်မြင့်မားရေးပညာသည်သာ အဓိကဖြစ်သည်။ လူတစ်ဦး၏ ဘဝအခြေအနေ မြင့်မားမှုကိုသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာမြင့်မားမှုကို ပညာဖြင့်ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ခေတ္တရောက်ရှိလာသော လူ့ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းနိုင်ရေးအတွက်အထူးအရေးကြီးသောအရာသည်ပညာပင်ဖြစ်သည်။ ထို့အပြင် အကောင်းအဆိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်သော ပညာဉာဏ်ဖြင့်လုပသော ဘဝကို တည်ဆောက်ရမည်ဖြစ်သည်။

ပညာတတ်ခြင်း၏ အကူအညီဖြင့် ကောင်းကျိုးခံစားရသော သာဓကများလည်း မရေမတွက်နိုင်အောင် များပြားလှပေသည်။ မြန်မာ့သမိုင်းတွင်ဝန်ဒင်းမင်းရာဇာသည် မူလက ဝန်ခံဒင်းရွာ၏ လယ်သမားလေးမောင်ညီဘဝမှ လယ်လုပ်ရင်း စာပေကို လေ့လာလိုက်စားခဲ့သည့်အတွက် ပညာရှိအမတ်များ မဖြေရှင်းနိုင်သော ပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့ဖြင့် ဘုရင်မင်းမြတ်၏ ခိုးမြောက်ခြင်းကိုခံရသောကြောင့် ဝန်ခံဒင်းရာဇာဘွဲ့ဖြင့် ယနေ့အထိ သမိုင်းတွင်ခဲ့ပါသည်။

ပညာတတ်ခြင်းဖြင့် အများအကျိုးထမ်းရွက်နိုင်ပါသည်။ ပညာရှိဖြင့် အနီးကပ်နေသူသည် ပညာရရှိမည်ဖြစ်ပြီး နောင်တစ်ချိန်တွင် ဘဝကိုကောင်းမွန်စွာတည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုပညာဖြင့် အများအကျိုး၊ မိမိနိုင်ငံအကျိုးကို တတ်စွမ်းသမျှသယ်ပိုးနိုင်မည်ဖြစ်သည်။ပညာမဲ့သူနှင့် နေသူသည် ထိုပညာမဲ့ကဲ့သို့လူအများကို ဒုက္ခပေးတတ်သော အများက ကဲ့ရဲ့မှုကို ခံရမည်သာဖြစ်သည်။ သာဓက အားဖြင့်ကျေးဇူးဆောင်တို့သည် မုန်တိုင်းမိ၍ ရဟန်းဆီသို့ရောက်သူကရောက်၊ ခိုးသူဆီသို့ရောက်သူက ရောက်သွားကြသည်။ ရဟန်းဆီသို့ရောက်ရှိသော ကျေးဇူးသည် ယဉ်ကျေးစွာပြောဆိုသည်။ ခိုးသူထံသို့ရောက်ရှိသော ကျေးဇူးသည် ရိုင်းစိုင်းစွာအသွင်ကူးပြောင်းသွားသည်။ ထိုအချက်ကို ကြည့်ခြင်းဖြင့် ''တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး'' ဟူသော စကားပုံကို ပေါ်လွင်စေပါသည်။

ထို့ကြောင့် ပညာရှိထံ ဆည်းကပ်ခြင်းဖြင့် ပညာများရရှိပြီး လောကအလယ်တွင်တင့်တယ်စွာ နေထိုင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာပညာသည် ဂုဏ်အရှိန်အဝါကြီးမားသည့်အတွက် ပညာကို မြတ်ပညာ၊ မြတ်ရွှေအိုး စသည်ဖြင့်တင်စားခေါ်ဝေါ်လေ့ရှိသည်။ ပညာဟုဆိုရာတွင် အသိပညာအတတ်ပညာဟူ၍ နှစ်မျိုးရှိသည်။ အသိပညာ၏ သိရှိခြင်းမှတစ်ဆင့် အတတ်ပညာဟူသော တတ်မြောက်ခြင်း အဆင့်သို့ ရောက်ရှိမည်ဖြစ်သည်။ ထိုပညာရပ်များကို ရရှိနိုင်ရန် စာအုပ်၊ စာပေများကို များများဖတ်ရှုလေ့လာမှတ်သားရမည်ဖြစ်သည်။ အလိမ္မာ စာမှာရှိဟူသည့် အတိုင်း အကောင်းအဆိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်သော ပညာဉာဏ်၊ အလိမ္မာဖြင့် လုပသောဘဝကိုတည်ဆောက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း။

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြဦးကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမိုး ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးနေမျိုး ကို ဘက္ကာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပိုးစပါး စံကွက်ရိတ်သိမ်းပွဲ ကွင်းသရုပ်ပြပွဲ ပြုလုပ်

တမူး နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်၂၅၅(A)၊ ဦးပိုင်အမှတ်(၃၇) တောင်သူ ဦးတင်ဆိုင်၏ လယ်မြေတွင် စိုက်ပျိုးထားသော မှော်ဘီ(၂)စပါးမျိုး စိုက်ကွက်၌ မိုးစပါး စံကွက်ရိတ်သိမ်းပွဲ ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ပြုလုပ်သည်။

အဆိုပါ မိုးစပါး စံကွက်ရိတ်သိမ်းပွဲ ကွင်းသရုပ်ပြပွဲပြုလုပ်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုလတ်၊ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသိန်းနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မှော်ဘီ(၂)စပါးမျိုး ဝ ဒသမ ၁၀၈ကက်ဒ စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက (အစို)၁၂၆တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ရတနာ(တမူး)

၀-၀-၀-၀-၀

ပုဒ္ဓဘာသာကလျာဏယုဝအသင်း တိုင်းဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲဝိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၂၆

(၁၀၆)ကြိမ်မြောက် အမျိုးသားနေ့အောင်ပွဲအထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)တိုင်းဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲဝိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာ၊ ရွှေဘုံသာကျောင်း(ဘောလုံးကွင်း)တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး YMBA အသင်းဥက္ကဋ္ဌ မင်္ဂလာမဓုဇောတိကဓဇ ဦးမိုးဇော်ထွန်း၊ တိုင်းဒုတိယဥက္ကဋ္ဌ ဒေါ်ဖြူဖြူဆန်း၊ တိုင်းအတွင်းရေးမှူး ဦးထွန်းထွန်းရွှေ၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်မြင့်ထွန်းနှင့် ဒေါ်သက်သက်ဟန်၊ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးတင်ကိုလင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကောင်းနိုင်၊ အမရပူရမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတောဇာအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမူးစိုးဝင်းသန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးပြည်ဖြိုးအောင်၊ အမရပူရခရိုင် YMBA အသင်းဥက္ကဋ္ဌ ဦးချိုငွေဦး၊ မဟာအောင်မြေခရိုင် YMBA အသင်း ဥက္ကဋ္ဌ ဦးသိန်းနိုင်၊ အောင်မြေသာစံခရိုင်YMBA အသင်းဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဘောလုံးကော်မတီအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရွှေဦးစွာ ဗိုလ်လုပွဲကို PGTG အသင်းနှင့် AZY အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ YMBA အသင်း တိုင်းဒေသကြီးဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြား၍ ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံးအားသမားဆုကို ကိုလတ်(ကျောက်ဆည်FC)ကို လည်းကောင်း၊ ဂိုး သမားဆုကို AZY အသင်းက ချမ်းငြိမ်းကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုကို PGTG အသင်းက သီဟဇော်ကိုလည်းကောင်း၊ တတိယဆုရအသင်း နေလတ် FC အသင်းကို ဆွေကျော် ငါးသိန်း၊ ဒိုင်းဆုနှင့် တစ်ဦးချင်း ဆုများကို လည်းကောင်း၊ ဒုတိယဆုရ AZY အသင်းကို ဆွေကျပ်ဆယ်သိန်း၊ ဒိုင်းဆုနှင့် တစ်ဦးချင်းဆုများကို လည်းကောင်း၊ ပထမဆုရ PGTG အသင်းကို ဆွေကျပ် ၁၅ သိန်း၊ တံခွန်စိုက်ဒိုင်းဆုနှင့် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အခမ်းအနားကိုရပ်သိမ်းသည်။

YMBA အသင်း တိုင်းဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးအားကစားပြိုင်ကို နိုဝင်ဘာ ၁၆ ရက်မှ ၂၆ ရက်ထိ ပြိုင်ပွဲဝင် အသင်း ၄၆ သင်းယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀



သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydaily-newspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ ပညာရေးကဏ္ဍ ဆောင်ရွက်မှုများအတွက် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ (၅)နှစ်အောက်ကလေးငယ်များအား အဓိလိုက် ကာကွယ်ဆေးများ တိုက်ကျွေးပေးစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများ ဖြစ်ကြသည့် ဒုတိယသမ္မတ(၁)၏ ဇနီး ဒေါ်စမ်းစမ်းအေးနှင့် ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝဖြင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး မိခင်နှင့် ကလေးများသည် အရေးပါသည့် အစိတ်အပိုင်းများ ဖြစ်ပါကြောင်း၊ မိခင်သေဆုံးနှုန်း၊ မွေးကင်းစ ကလေးများသေဆုံးနှုန်း၊ အသက်တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေး သေဆုံးနှုန်းသည် နိုင်ငံတော်၏ ကျန်းမာရေးအခြေအနေကို တိုင်းတာရာတွင် အဓိက ကျသည့် အညွှန်းကိန်းများဖြစ်ပါကြောင်း၊ မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကို လျော့ချနိုင်ခြင်းသည် မိသားစုတစ်ခုချင်းစီ၏ ဘဝကို သာမက နိုင်ငံတစ်နိုင်ငံလုံး၏ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် မျှော်မှန်းလူသက်တမ်း တိုးမြှင့်လာရေးတို့ကို အကျိုးပြုစေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိခင်နှင့်ကလေး ကျန်းမာရေးကို မြှင့်တင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာသက်ရည်ဖွာနေထိုင်နိုင်ရေးတို့ကို နိုင်ငံတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ထိုလုပ်ငန်းစဉ်များအောင်မြင်ရန် ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်း၏ ကြိုးပမ်းမှုဖြင့် မလုံလောက်ပါကြောင်း၊ မိသားစု၊ ရပ်ရွာလူထု၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက ကဏ္ဍနှင့် မိတ်ဖက်အဖွဲ့အစည်းများ အားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း။

အသင်းဝင်များ အနေဖြင့် ကျေးလက်ဒေသနှင့် အခြေခံကျန်းမာရေး ဝန်ဆောင်မှုလိုအပ်နေသော လူမှုအသိုက်အဝန်းများ အတွင်း ရပ်ရွာပြည်သူလူထုနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံ၍ ကျန်းမာရေး အသိပညာများ ဖြန့်ဝေပေးနေပြီး ပြည်သူလူထု၏ ယုံကြည်မှုရရှိအောင် ဆောင်ရွက် ပေးနေသည့်အတွက် အထူးအသိ အမှတ်ပြုလိုပါကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတော်၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံးနှင့်အတူ လက်တွဲညီညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ပါစေ ဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးစသည့် ကဏ္ဍကြီး(၄)ရပ် လှုပ်ရှားဆောင်ရွက်မှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ရာ ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှက ပညာရေးကဏ္ဍ ဆောင်ရွက်မှုများအတွက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးက လူမှုရေးကဏ္ဍလှုပ်ရှား ဆောင်ရွက်မှုများအတွက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ စာမျက်နှာ ၄ သို့ ☆



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများခင်းကျင်းပြသ ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။



ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ(၁)၏ဇနီး ဒေါ်စမ်းစမ်းအေး လူမှုရေးကဏ္ဍလှုပ်ရှားဆောင်ရွက်မှုများအတွက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ(၂)ဒေါ်နန်းနီနီအေး စီးပွားရေးကဏ္ဍလှုပ်ရှား ဆောင်ရွက်မှုအတွက် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

(၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့် မြန်မာ့တိုင်းရင်းဆေးပညာနှိုးနှောပလှယ်ပွဲ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂၉၊ ၃၀)ဒီဇင်ဘာလ (၁) ရက် နေပြည်တော်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ် နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/၈လ

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities (2026)

"မသန်စွမ်းသူများ၏ အခွင့်အရေးကို ဆက်လက်မြှင့်တင်၍ ပိုမိုကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်ကြပါစို့"

"The CRPD at 20: Building on Progress, Advancing the Future"

၃.၁၂.၂၀၂၆ နေပြည်တော်

★ စာမျက်နှာ ၃ မှ

မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့များကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေးက စီးပွားရေးကဏ္ဍ လူပ်ရှားဆောင်ရွက်မှုအတွက် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက ကျန်းမာရေးကဏ္ဍ လူပ်ရှားဆောင်ရွက်မှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့များကိုလည်းကောင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်က လူပ်ရှားမှုထူးချွန်နှစ်သိမ့်ဆုရရှိသည့် ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ လူပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှသည် ကိုယ်ဝန်ဆောင် မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများ ထောက်ပံ့ပေးပြီး (၅)နှစ်အောက် ကလေးငယ်များအား အဓိလိုက် ကာကွယ်ဆေးများ တိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက ဒေသထွက် ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၅ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကိုလည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၅ - ၂၀၂၆ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၆ - ၂၀၂၇ ရာသုံးမှန်းခြေစာရင်းကို လည်းကောင်း ဖတ်ကြား တင်သွင်းကြသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၂၅ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြပြီး သဘာပတိများက နှစ်ချုပ် အစီရင်ခံစာအပေါ် သုံးသပ်အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၆)ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆



ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ အတွင်းရေးမှူးစစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် အလုပ်အဖွဲ့ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ "စည်းကမ်းတကျဆင့်ခေါ်မှုကို အလေးထားရန်" လမ်းညွှန်ထားရှိမှုအပေါ် အဆင့်ဆင့်သော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် ဦးစွာမှာကြားလိုပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည်နှင့်အညီ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျစီမံခန့်ခွဲပြီး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိတိုင်းဒေသကြီး/ ပြည်နယ်အလိုက် နယ်မြေများအတွင်း အဓမ္မဆင့်ခေါ်မှုနှင့် ငွေကြေးတောင်းခံမှုများ မရှိစေရေး စနစ်တကျစီမံချက်ချဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြစ်မှုကျူးလွန်သူတချို့ကြောင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်၏ပုံရိပ်ကို ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အနေဖြင့်လည်း ဗဟိုအဖွဲ့သို့ တင်ပြလာသည့် တိုင်ကြားစာများအား စနစ်တကျစီစစ်၍ အရေးယူစေလျက်ရှိပါကြောင်း၊ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့်လည်း ပေါင်းစပ်၍ ဥပဒေမဲ့ဆောင်ရွက်ချက်များကို ထိထိရောက်ရောက် အရေးယူလျက်ရှိပါကြောင်း။

ယနေ့အထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇) (၇/၂၀၂၆)ထိ သင်တန်းဆင်းခဲ့ပြီး လက်ရှိတွင်လည်း သင်တန်း(၃)ပတ်စဉ် ဖွင့်လှစ်တက်ရောက်လျက်ရှိပါကြောင်း။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့များအနေဖြင့် အင်အားအချက်အလက်အမှန်ရရှိရေး မိမိနယ်မြေအတွင်း အကျူးဝင်သူအင်အားစာရင်းကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် ပေါင်းစပ်၍ စာရင်းပြုစုမှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့မှတ်ပုံတင်ထားသူများကို အလှည့်ကျစနစ်ဖြင့် ဆင့်ခေါ်နိုင်ရေး စီမံထားရှိရမည်ဖြစ်ပါကြောင်း။

လူမှုကွန်ရက်များပေါ်တွင် တပ်မတော်အရာရှိ အယောင်ဆောင်ပြီး ငွေကြေးလိမ်လည် တောင်းခံနေသူများအား ဖော်ထုတ်အရေးယူခဲ့ပါကြောင်း၊ ဆက်လက်၍လည်း စိစစ်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်၊ လျှောပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရရှိသူများကိုလည်း တပ်/သင်တန်းကျောင်းများမှ ပြန်လည်စေလွှတ်ပေးသည့်အခါ သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများသို့ သာ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျလွှဲပြောင်း/ လက်ခံပြုလုပ်၍ စေလွှတ်ပေးလျက်ရှိပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီသို့ လွှဲပြောင်း/ လက်ခံပြုလုပ်ပေးခြင်းမျိုးမရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အလုပ်အဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာ ကဏ္ဍအလိုက်အကြပြဆွေးနွေးရာလိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ ပြည်နယ်အဆင့်ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာအလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ ပြည်နယ်အဆင့်ဆွေးနွေးပွဲဖွင့်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မင်္ဂလာဦးရပ်ကွက်၊ အမှတ် (၅)အခြေခံပညာအထက်တန်းကျောင်းရှိ စိန်မြင်းမိုရ်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုက အခြေခံပညာအလယ်တန်းအဆင့် Grade-7၊ Grade-8၊ Grade-9 စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါဆွေးနွေးပွဲကို ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းပြ ဆရာ၊ ဆရာမများတက်ရောက်ပြီး နိဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆၈)

o–o–o–o–o

o–o–o

o–o

စာအုပ်စာပေ လူ့မိတ်ဆွေ။

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်း နိဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်မည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်း နိဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်မည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ်ဝင်ခွင့်ရသူများ စာရင်းကို ၂၇-၁၁-၂၀၂၆ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

ပထမနှစ် နေ့သင်တန်း၀င်ခွင့်ရစာရင်းများ နိဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်မည်

ပညာရေး၀န်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပထမနှစ် နေ့သင်တန်း၀င်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၆ ခုနှစ် တက္ကသိုလ်၀င်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ၀င်ခွင့်ရသူများ စာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေး၀န်ကြီးဌာန website http://www.moe.gov.mm တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

အခြေခံပညာအလယ်တန်းဆင့်အတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ (တိုင်းဒေသကြီး / ပြည်နယ်အဆင့်)ကျင်းပ

နေပြည်တော် နိဝင်ဘာ ၂၆

အခြေခံပညာအလယ်တန်းဆင့် (Grade – 7, Grade – 8, Grade – 9) အတန်းများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (တိုင်းဒေသကြီး/ ပြည်နယ်အဆင့်)ကို နိဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်၊ မန္တလေး၊ မွန်၊ ရှမ်း (တောင်)၊ နေပြည်တော်တို့တွင် ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများတွင် နည်းပြများအဖြစ် အခြေခံစိုက်ပျိုးရေးပညာအတွက်ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများကလည်း ကောင်း၊ အခြေခံမွေးမြူရေးပညာအတွက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာ ဆရာမများကလည်း ကောင်း၊ စက်မှုအတတ်ပညာအတွက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆရာ ဆရာမများကလည်းကောင်း ဆွေးနွေးပို့ချသွားမည်ဖြစ်ကာ အခြေခံပညာအထက်တန်းဆင့်နှင့် အလယ်တန်းဆင့်သင်ကျောင်းမှ Grade – 7၊ Grade – 8၊ Grade – 9 တို့တွင် သိပ္ပံဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်များကို သင်ကြားနေသည့် အလယ်တန်းပြဆရာ ဆရာမ ၁၂၀၆ ဦး တက်ရောက်ကြပြီး ကချင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ရှမ်း(အရှေ့)တို့မှ သင်တန်းသားများအနေဖြင့် Online စနစ် Zoom Application ဖြင့် တက်ရောက်သွားမည်ဖြစ်သည်။



အခြေခံပညာအလယ်တန်းဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွား ဆွေးနွေးပွဲများကိုလည်း ဒီဇင်ဘာ ၅ရက်မှ ၇ ရက်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ယခုသင်တန်းမှ သင်တန်းသား သင်တန်းသူများသည် မြို့နယ်အဆင့် (ဆင့်ပွား)သင်တန်းများတွင် နည်းပြအဖြစ် ပြန်လည်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်သည့် အခြေခံပညာအလယ်တန်းဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က ပညာရေးဝန်ကြီးဌာနသည် သင်ကြားသင်ယူမှုအခွင့်အလမ်းများ တိုးတက်ကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသည့် အသက်မွေးဝမ်းကျောင်း ပညာများနှင့် ချိတ်ဆက် ပေါင်းကူးနိုင်ရေး ရည်ရွယ်၍ အလယ်တန်းဆင့် Grade-9 ပြီးမြောက် အောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများအား Grade-10၊ Grade-11၊ Grade-12 အတန်းများတွင် စက်မှုအတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာများကို သင်ကြားနိုင်ရေး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်ခဲ့ရာ ကျောင်းပေါင်း ၉၂ ကျောင်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များကို အခြေခံပညာအလယ်တန်းဆင့်မှ စ၍ သင်ကြားပေးနိုင်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာရပ်များကို သိရှိနားလည်ပြီး လက်တွေ့ဘဝတွင် အသုံးချနိုင်စေရန် ရည်ရွယ်ပါကြောင်း၊ သင်တန်းတက်ရောက်လာကြသော ဆရာ ဆရာမများအနေဖြင့်လည်း သင်တန်းမှသင်ကြားပို့ချမှုများကို အထူးဂရုပြုသင်ယူ၍ သက်ဆိုင်ရာမြို့နယ်များတွင် ပြန်လည်ပို့ချရာ၌ အရည်အသွေးရှိရှိ သင်ကြားပို့ချပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၁၃) ပညာရေး၀န်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် အဆင့်မြင့်ပညာကဏ္ဍသင်ကြား၊ သင်ယူမှုစနစ်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ(၂/၂၀၂၆) ဒုတိယနေ့သို့ တက်ရောက်ပြီး အလုပ်ရုံဆွေးနွေးပွဲရလဒ်များကို သုံးသပ်ရှင်းလင်းတင်ပြကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်ဝိုင်း၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး နိဝင်ဘာ ၂၆

၂၀၂၇ ခုနှစ်၊ ဧပြီလတွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးရုံးရှိ အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက လာမည့် ၂၀၂၇ ခုနှစ်၊ ဧပြီ ၄ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြို တင်ပြဆင်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးကော်မရှင် အဖွဲ့ခွဲဝင်များနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဝင်များက လိုအပ်ချက်များအပေါ် ဆွေးနွေးကြသည်။

ထို့နောက် တင်ပြခဲ့သည့် ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌက ရှင်းလင်းကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ချမ်းမြေမောင်(ပြန်/ဆက်)

o–o–o–o–o

o–o–o

မြို့ပြသန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေနတ်မြောင်းများရှိ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်း

ပွင့်ဖြူ နိဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အင်ဂျင်နီယာအညီ အစဉ်အမြဲ သန့်ရှင်းသာယာလှပစေရေး အတွက် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ နိဝင်ဘာ ၂၅ ရက်တွင် မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများရှိ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ စုပေါင်းအဖွဲ့က အမှိုက်သိမ်းယာဉ်တစ်စီးဖြင့် မြို့တွင်းရှိ စံပယ်လမ်း၊ ပုန်းညက်လမ်း၊ သန့်စင်လမ်း၊ သရဖီလမ်းနှင့် ဒေါနလမ်းတို့တွင် လမ်းဘေး(၀ ၊ ယာ)ရှိ ရေနုတ်မြောင်းအတွင်း ပိတ်ဆို့နေသော အမှိုက်သရိုက်များ ရေစီးရေလာကောင်းမွန်စေရေး ဆယ်ယူရှင်းလင်းခြင်း၊ ရေဝပ်သည့် နေရာများတွင် ရေထွက်ပေါက်များ ဆောင်ရွက်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းသိမ်းဆည်းခြင်း စသည့် မြို့ပြသန့်ရှင်းရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြသန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ စည်းကမ်းမဲ့အမှိုက် စွန့်ပစ်ခြင်းများ မရှိစေရေးအတွက် သန့်ရှင်းရေးဝန်ထမ်းများက နေ့စဉ် အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်များ လိုက်လံသိမ်းဆည်းခြင်း၊ မြို့ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်းခြင်း၊ စွေးရောင်း၊ စွေးဝယ်များကို ပလတ်စတစ်ပစ္စည်းလျော့ချသုံးစွဲရေး အသိပညာပေးခြင်း စသည့် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံမှ သိရသည်။

(၄၄၅)

o–o–o–o–o

o–o–o

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊
တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထား စောင့်ရှောက်ဖြင့်တင်ရေး။

★ နိုင်ငံတော်၏လူစွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

စတုတ္ထအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ စွမ်းအင်ဝန်ကြီးများ ညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၆

ရပ်ဝန်းနှင့်ပိုးလမ်းမ စွမ်းအင်ဝန်ကြီးများ အုပ်ချုပ်ရေးဘုတ်အဖွဲ့၏ ပထမအကြိမ် အစည်းအဝေးနှင့် စတုတ္ထအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမ စွမ်းအင်ဝန်ကြီးများ ညီလာခံကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက် တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးကြသည်။





ညီလာခံတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်က ကမ္ဘာနိုင်ငံအသီးသီးအနေဖြင့် မိမိတို့၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို ဂရုပြုဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယနေ့အစည်းအဝေး၏ ရည်ရွယ်ချက်နှင့်လည်း ထပ်တူကျပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ပြန်ပြည့်မြဖွစ်မှုအင်များဖြစ်သည့် ရေအား၊ နေရောင်ခြည်၊ လေစွမ်းအင်တို့ကို အဓိကအသုံးပြုသွားရန်ဆောင်ရွက်လျက်ရှိသကဲ့သို့ ရုပ်ကြွင်းလောင်စာများ အသုံးပြုရာတွင်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် အချက်ကိုလည်း သတိပြုဆောင်ရွက်နေပါကြောင်း၊ ပြန်ပြည့်မြဖွစ်မှုအင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကာဗွန်ထုတ်လုပ်မှုလျော့ချရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ယခုအစီအစဉ်ကို ဦးဆောင်ကျင်းပသည့် တရုတ်နိုင်ငံ အမျိုးသား စွမ်းအင်အုပ်ချုပ်မှုအဖွဲ့၏ အကူအညီကို တိုးမြှင့်ရယူလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားစွမ်းအင်အုပ်ချုပ်မှုအဖွဲ့ (National Energy Administration-NEA) အကြီးအကဲနှင့် အဖွဲ့အား တွေ့ဆုံ၍ ရေအားလျှပ်စစ်စီမံကိန်းများ၊ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်းများ၊ ဆိုလာစွမ်းအင်အသုံးပြုမှုကိုမြှင့်တင်နိုင်ရေး စီမံကိန်းများ၊ ဘက်ထရီစွမ်းအင်သိုလှောင်မှုစီမံကိန်းများ၊ စုပ်တင်ရေအားလျှပ်စစ်စီမံကိန်းများ၊ လေအားလျှပ်စစ်စီမံကိန်းများ၊ ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ကွက်အသစ်များတွင် ရင်းနှီးမြှုပ်နှံရန်ကိစ္စရပ်များ၊ နည်းပညာ၊ ကျွမ်းကျင်မှုနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် လျှပ်စစ်နှင့်စွမ်းအင်စီမံကိန်းများအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အလုပ်သမားဆေးရုံကြီး(မန္တလေး)၌ လူနာပြသသည့်အကြိမ်ရေ ၁၃၃၉၈၁ ကြိမ်အတွက် ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့

မန္တလေး နိုဝင်ဘာ ၂၆

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အလုပ်သမားဆေးရုံကြီး(မန္တလေး)၌ လူနာပြသသည့်အကြိမ်ရေ ၁၃၃၉၈၁ ကြိမ်အတွက် ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးဖိုးတင်ပြတောင်းခံသည့် အကြိမ်ရေ ၃၈၄၁၃ ကြိမ်နှင့် ဆေးဖိုးတင်ပြတောင်းခံသည့် အကြိမ်ရေ ၁၁၈၀ အတွက် ငွေကျပ် ၃၇၇ သန်း ပေးအပ်ခဲ့ပြီးဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် အောင်မြေသာစံမြို့နယ် အလုပ်သမားဆေးရုံကြီး(မန္တလေး)သို့ သွားရောက်၍ အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ဦးစီးဌာန အဖွဲ့ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့်အဖွဲ့အစည်းတစ်ခုဖြစ်စေရေး အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် လိုအပ်သည့် ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး၊ ဆေးဝါးများ



အလေအလွင့်မရှိစေရေး အစဉ်တစိုက် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဆေးရုံကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ဆေးဝါးသိုလှောင်ရုံနှင့် ဆေးပစ္စည်းကိရိယာများ ထိန်းသိမ်းထားရှိမှုအခြေအနေကို လှည့်လည်လေ့လာကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် အာမခံအလုပ်သမားလူနာများနှင့် ကျောက်ကပ်သွေးသန့်စင်ဌာနတွင် ကျောက်ကပ်သွေးသန့်စင်နေသည့် လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး၍ အလုပ်ငွေများ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ထို့ပြင်မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်)သို့ သွားရောက်၍ စက်ရုံ၏ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များ၊ အလုပ်သမားများနှင့်တွေ့ဆုံကာ လူမှုဖူလုံရေးစနစ် အကျိုးဝင်အာမခံ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့မှ တိုးမြှင့်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ၊ အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေး၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကုန်ကြမ်း(ဝါဂွမ်း)များကို ဝါဖန်ခြင်း၊ ဖိုင်းတောင့်ပြုလုပ်ခြင်း၊ ချည်ငင်ပြုလုပ်ခြင်း၊ ချွေးခွဲခြင်း၊ ဘေထုပ်(ကြီး/သေး) ထုတ်လုပ်ခြင်း ပြုလုပ်မှုလုပ်ငန်းစဉ်အဆင့်များဖြင့် ချည်မျှင်အထည်နှင့် ပန်းရိုက်ပိတ်များထုတ်လုပ်သည့် စက်ရုံလုပ်ငန်းခွင်အတွင်း အလုပ်သမားများ အေးချမ်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့ပြင် အဆိုပါစက်ရုံရှိ အာမခံအလုပ်သမားများ လုပ်ငန်းခွင်မပျက် စွမ်းအားပြည့် ဆောင်ရွက်နိုင်စေရန် လူမှုဖူလုံရေးအဖွဲ့ ပိုင်ရွေ့လျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက် ကွင်းဆင်းဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်နောက် အောင်မြေသာစံမြို့နယ် ရုံးဝင်းအတွင်း၌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာနှင့် ချမ်းမြသာစည်မြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (တိုင်းဒေသကြီး)ရုံး ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အအုံအား အရည်အသွေးပြည့်မီစွာဖြင့် တည်ဆောက်နိုင်ရေးနှင့် အချိန်မီပြီးစီးဆောင်ရွက်နိုင်ရေး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

မန္တလေး နိဝင်ဘာ ၂၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအလယ်တန်းအဆင့် (Grade-7၊ Grade-8 ၊ Grade-9)တို့တွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအတတ်ပညာရပ်များကို အခြေခံကောင်းများရရှိစေရန် တစ်ပတ်စာသင်ချိန်တွင် သင်ကြားပို့ချနိုင်ရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာသင်တန်းဆွေးနွေးပွဲ(မန္တလေးဇုန်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမူဝါဒမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် တက္ကသိုလ်အသီးသီးမှ သင်တန်းနည်းပြများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ သင်တန်းသား အခြေခံပညာအလယ်တန်းအဆင့် ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဒါန်းတော်၏ စက်မှုလယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အခြေခံပညာအလယ်တန်းအဆင့် မှစတင်၍ ကျောင်းသား၊ ကျောင်းသူများအား စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အခြေခံကောင်းများရရှိစေရန်၊ အထက်တန်းအဆင့်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများကို သင်ကြားနိုင်ရေးအတွက် အလယ်တန်းအဆင့်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာအခြေခံကောင်းများရရှိနိုင်ရန်အတွက် ဘာသာရပ်အလိုက်သင်ကြားပေးမည့် ဆရာ၊ ဆရာမများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ စိတ်ပါဝင်စားစွာ လေ့လာမှတ်သားသင်ယူပြီး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများတွင်လည်း နည်းပြအဖြစ် ပြန်လည်ဆွေးနွေးပို့ချပေးခြင်းများ၊ အခြေခံပညာအလယ်တန်းအဆင့်(Grade-6၊ Grade-7၊ Grade-8၊ Grade-9)တို့တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများကို ထိရောက်မှန်ကန်စွာ ပို့ချပေးခြင်းများအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရန် ပိုင်းဝန်းကြီးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။





ယခုဖွင့်လှစ်သည့် မန္တလေးဇုန်အုပ်စုတွင် မန္တလေးတိုင်းဒေသကြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်)တို့မှ အွန်လိုင်းမှတက်ရောက်သည့် သင်တန်းသားများအပါအဝင် သင်တန်းသား ၂၆၄ ဦးရှိပြီး သက်ဆိုင်ရာ တက္ကသိုလ်များမှနည်းပြများက နိဝင်ဘာ ၂၈ ရက်အထိ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်သည်။

အခြေခံပညာအလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်ပြီး၍ ပညာဆက်လက်သင်ယူနေသော ကျောင်းသား၊ ကျောင်းသူများအား စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာများကို သင်ယူလေ့လာခွင့်ရရှိနိုင်ရေးအတွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်အတွင်း စာတွေ့၊ လက်တွေ့ သင်ယူပြီးပါက ပြီးမြောက်ကြောင်း လက်မှတ်ရရှိမည်ဖြစ်ကြောင်း၊ ပညာဆက်လက်သင်ကြားလိုပါကလည်း အဆင့်မီဖြင့် အောင်မြင်သူများသည် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ တက်ရောက်နိုင်၍ ဒီပလိုမာလက်မှတ်ရရှိမည်ဖြစ်ပြီး အထူးအောင်မြင်ပါက နည်းပညာတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များသို့ တက်ရောက်နိုင်ပြီး သက်ဆိုင်ရာဘွဲ့များ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မီးခိုးမြူငွေ့အန္တရာယ်လျော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

စဉ်ကူး နိဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ စဉ်ကူးမြို့၌ အယ်လ်နီညိုကာလအတွင်း မီးခိုးမြူငွေ့အန္တရာယ်လျော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချမ်းပြည့်ကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၉ နာရီက စဉ်ကူးမြို့ လမ်းဆုံနေရာများနှင့် ရပ်ကွက်များအတွင်း အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်တွင် မီးခိုးမြူငွေ့ဖြစ်ပေါ်ရခြင်းအကြောင်းများ၊ မီးရှို့မှုကြောင့် ဖြစ်ပေါ်လာသော မီးခိုးမြူငွေ့များသည် လူထုကျန်းမာရေး၊ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်စေနိုင်ကြောင်း၊ ပြည်သူများအနေဖြင့် မီးရှို့မှုများကို ရပ်တန့်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများကို အသုံးပြုသင့်ကြောင်း၊ စည်းကမ်းချက်များနှင့် သတိပေးချက်များကို လိုက်နာခြင်းဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ပူးပေါင်းကာကွယ်နိုင်ကြောင်း၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများနှင့် ကျန်းမာရေးထိခိုက်မှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရန် လိုက်နာရမည့်အချက်များ စသည့် အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

(အောက်ပုံ)

တင်စာလွင်(ပြန်/ဆက်)





အသိပညာပေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

မြို့သစ် နိဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအသိပညာဗဟုသုတရရှိစေရေးအတွက် စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မင်းရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ချိန်များတွင် အသိပညာရရှိစေရေး စာအုပ်စာပေများ ငှားရမ်းဖတ်ရှုရန်လိုကြောင်း၊ စာပေအသိဖြင့် ဘဝတိုးတက်ရေးရရှိနိုင်မည်ဖြစ်ကြောင်း၊ ကလေးငယ်များအနေဖြင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများမရှိအောင် ရှောင်ကြဉ်ရမည့်အချက်များနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအကြောင်းအရာများကို အသိပညာပေးဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပုံပြင်၊ ရုပ်ပြ၊ ကာတွန်း၊ ဂျာနယ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

ဝင်းအိဖွန်(ပြန်/ဆက်)

မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်

မြစ်သား နိဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ အယ်လ်နီညိုကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ နိဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း အရှိန်အဟုန်မြှင့်ကွင်းဆင်း စစ်ဆေးခဲ့သည်။

မီးဘေးလုံခြုံရေးကွင်းဆင်း စစ်ဆေးဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာတာဝန်ရှိသူများဖြင့် မြစ်သားမြို့နယ်အတွင်းရှိ ကျန်တော ကျေးရွာ၊ ညောင်ဝန်းကျေးရွာနှင့် ကူမဲမြို့ အမှတ်(၁)ရပ်ကွက်များရှိနေအိမ်များတွင် မီးသတ်ဆေးဘူးထားရှိမှုများ၊ မီးချိတ်၊ မီးကတ်၊ ရေပုံးနှင့် သဲများ ဆောင်ရွက်ထားရှိမှုများအား လိုက်လံစစ်ဆေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းအသုံးပြုမှုများနှင့် မီးဖိုမီးအသုံးပြုမှုများအား ကြည့်ရှုစစ်ဆေးခြင်း၊ ရေရရှိရေးဆောင်ရွက်ထားမှုများနှင့် မီးသတ်ယာဉ်ဝင်၊ ထွက်လမ်းများအား ကြည့်ရှုစစ်ဆေးပြီး မီးဘေးလုံခြုံရေး ဆိုင်ရာ အကြံပြုဆွေးနွေးခြင်းများကို တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး မြို့နယ်အတွင်းရှိ ကျန်ရှိသော ကျေးရွာများကို မီးဘေးလုံခြုံရေး အရှိန်အဟုန်မြှင့် ဆက်လက်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးထံမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

တောင်ကိုရီးယားပဟိုဘဏ်က အခြေခံအတိုးနှုန်းကိုတိုးမြှင့် လာမည့် ခုနှစ် စီးပွားရေးတိုးတက်မှု အမြန်နှုန်းကိုလည်းမြှင့်တင်

ဆိုးလ် နိုဝင်ဘာ ၂၆

ချစ်ပ်ပြားတင်ပို့မှု အရှိန်အဟုန်ဖြင့် မြင့်တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှု ဆက်လက်ဖြစ်ပေါ်နေခြင်းတို့ကြားမှ တောင်ကိုရီးယားဗဟိုဘဏ်သည် ယမန်နေ့က ၄င်း၏ အခြေခံအတိုးနှုန်းကို တိုးမြှင့်လိုက်ပြီး ငွေကြေးမူဝါဒတင်းကျပ်မှုသံသရာကို ပြန်လည်စတင်ကာ ၂၀၂၇ ခုနှစ် စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကိုလည်း ခြောက်နှစ်အတွင်း အမြန်ဆုံးနှုန်းသို့မြှင့်တင်သတ်မှတ်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုလုပ်ဆောင်ချက်သည် အရှေ့အလယ်ပိုင်းစစ်ပွဲနှင့် ဆက်စပ်နေသည့် ကုန်စည်နှင့် ထောက်ပံ့ရေးဆိုင်ရာ ဖိအားများကို ဆက်လက်ရင်ဆိုင်နေရသော အခြားသော ထွန်းသစ်စဈေးကွက် စီးပွားရေးနိုင်ငံများ၏ လမ်းစဉ်နှင့် တစ်ထပ်တည်းကျစေသည်။



အဖွဲ့ဝင် ခုနစ်ဦးပါဝင်သည့် ငွေကြေးမူဝါဒဘုတ်အဖွဲ့သည် ၇ ရက်တာ ပြန်လည်ဝယ်ယူမှု အတိုးနှုန်း (7-day repurchase rate) ကို ၀ ဒသမ ၂၅ ရာခိုင်နှုန်း တိုးမြှင့်ကာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း အမြင့်ဆုံးဖြစ်သည့် ၃ ဒသမ ၂၅ ရာခိုင်နှုန်းသို့ သတ်မှတ်ရန် မဲခွဲဆုံးဖြတ်ခဲ့ကြပြီး ယင်းဆုံးဖြတ်ချက်မှာ ရိုက်တာသတင်းဌာနက စစ်တမ်းကောက်ယူထားသည့် စီးပွားရေးလေ့လာသုံးသပ်သူ ၃၄ ဦးအနက် ၃၂ ဦး ကြိုတင်ခန့်မှန်းထားသည့် အတိုင်း ဖြစ်သည်။

ဗဟိုဘဏ်သည် ယခုနှစ်အတွက် စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကိုလည်း ယခင် ၃ ဒသမ ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့သည့် အပြင် လာမည့်နှစ်အတွက် သြဂုတ်လက ခန့်မှန်းထားသည့် ၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၂၁ ခုနှစ်နောက်ပိုင်း အမြန်ဆုံးနှုန်းဖြစ်သည့် ၄ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။ **Mon**



ဝန်ထမ်းတစ်ဦးသာရှိသော စင်ကာပူစီးပွားရေးလုပ်ငန်း အရေအတွက် ၁၀နှစ်တာကာလအတွင်း ၅၅ ရာခိုင်နှုန်း မြင့်တက်လာသည်ဟုဆို

စင်ကာပူ နိုဝင်ဘာ ၂၆

ဝန်ထမ်းတစ်ဦးတည်းသာရှိသော စင်ကာပူစီးပွားရေးလုပ်ငန်း အရေအတွက်သည် ၁၀ နှစ်တာကာလအတွင်း ၅၅ ရာခိုင်နှုန်း မြင့်တက်လာပြီး ၈၉,၈၀၀ အထိ ရှိလာခဲ့ရာ ၄င်းတို့အနက် အနည်းငယ်မှာ တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၁ သန်း (အမေရိကန်ဒေါ်လာ ၇၇၅,၀၀၀) ခန့် ဝင်ငွေရရှိနေကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စာရင်းအင်းဦးစီးဌာနနှင့် စင်ကာပူလုပ်ငန်းဌာနတို့၏ အစီရင်ခံစာသစ်ပါ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မှတ်တမ်းတင်ထားသည့် ကိန်းဂဏန်းများအရ တစ်ကိုယ်တော် စွန့်ဦးတီထွင်လုပ်ငန်းရှင် ၃,၁၀၀ ခန့် သို့မဟုတ် စုစုပေါင်း၏ ၃ ဒသမ ၄ ရာခိုင်နှုန်းသည် တစ်နှစ်လျှင် အနည်းဆုံး စင်ကာပူဒေါ်လာ ၁ သန်း ဝင်ငွေရရှိခဲ့ကြသည်။

တစ်ကိုယ်တော် လုပ်ငန်းရှင်များ၏ ၂၆ ရာခိုင်နှုန်းသည် စင်ကာပူဒေါ်လာ ၁၀၀,၀၀၀ မှ ၅၀၀,၀၀၀ ကြား ဝင်ငွေရရှိခဲ့ကြပြီး ၅ ရာခိုင်နှုန်းမှာမူ စင်ကာပူဒေါ်လာ ၅၀၀,၀၀၀ မှ ၁ သန်းကြား ရရှိခဲ့ကြရာ ယင်းကိန်းဂဏန်းများသည် တစ်ကိုယ်တော် လုပ်ငန်းရှင်အများစုက အသေးစားလုပ်ငန်းငယ်များကို လုပ်ကိုင်ကြသည်ဟူသော အများလက်ခံထားသည့်အမြင်နှင့် ကိုက်ညီမှုရှိကြောင်း အစီရင်ခံစာက ဆိုသည်။

"ဒစ်ဂျစ်တယ်နည်းပညာများနှင့် အေအိုင်တိုးတက်လာမှုတို့သည် တစ်ကိုယ်တော် လုပ်ငန်းရှင်များကို ဝန်ထမ်းဦးရေ တိုးချဲ့ရန်မလိုဘဲ အလိုအလျောက်စနစ်များ အသုံးပြုနိုင်စေခြင်း သို့မဟုတ် အထူးပြုစွမ်းဆောင်ရည်များကို ရယူအသုံးပြုနိုင်စေခြင်းဖြင့် ယင်းကဲ့သို့သော စီးပွားရေးပုံစံများကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သည်" ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်းသိရသည်။ **Mon**

ဟန္ဂိုင်းမြို့က လက်ခံကျင်းပမည့် ၂၀၂၆ ဗီယက်နမ် မော်တော်ယာဉ်ပြပွဲတွင် နိုင်ငံစုံမှုကုန်အမှတ်တံဆိပ်ပေါင်း ၄၄ ခု ပါဝင်ပြသသွားမည်ဟုဆို

ဟန္ဂိုင်း နိုဝင်ဘာ ၂၆

လာမည့် ဒီဇင်ဘာလတွင် ဟန္ဂိုင်းမြို့ကလက်ခံ ကျင်းပမည့် ၂၀၂၆ ဗီယက်နမ်မော်တော်ယာဉ်ပြပွဲတွင် ကုန်အမှတ်တံဆိပ်ပေါင်း ၄၄ ခု ပါဝင်ပြသသွားမည်ဖြစ်ပြီး မော်ဒယ်ရာပေါင်းများစွာကို ပြသခြင်း သို့မဟုတ် စမ်းသပ်မောင်းနှင်စီးနင်းခွင့် ပေးသွားမည့်အပြင် ဇိမ်ခံကားများအတွက် သီးသန့်ကဏ္ဍာတစ်ခုကိုလည်း ပထမဆုံးအကြိမ် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်အထိ ဗီယက်နမ်ပြပွဲစင်တာတွင် ကျင်းပမည့် နိုင်ငံ၏ တစ်နှစ်တာအတွင်း အကြီးမားဆုံး ကားနှင့် မော်တော်ဆိုင်ကယ်ပြပွဲ၌ မော်ဒယ်သစ် ၁၀၀ခန့် ပါဝင်ပြသမည်ဖြစ်ပြီး ပါဝင်သည့် ကုန်အမှတ်တံဆိပ် ၄၄ ခုတွင် ကားနှင့် မော်တော်ဆိုင်ကယ်ထုတ်လုပ်သူများ၊ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ ပစ္စည်းပေးသွင်းသူများ၊ ဆက်စပ်ပစ္စည်းများ၊ နည်းပညာနှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများပါဝင်သည်။

တိုယိုတာ၊ ဟွန်ဒိုင်း၊ ဘီဝိုင်ဒီ၊ ဆူဇူကီး၊ ဗင်းဖတ်စ်၊ ဟွန်ဒါစသော မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသည် ကိုယ်ပိုင်ပြခန်းများဖြင့်ပြသမည့် အမှတ်တံဆိပ်များတွင် ပါဝင်ပြီး ပထမဆုံးအကြိမ် ပါဝင်မည့် တီအမ်တီနှင့် အိုင်ကော်တို့ကလည်း မော်ဒယ်သစ်များကို မိတ်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**

အိန္ဒိယနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအနေဖြင့် မလေးရှားသို့ ခရီးမသွားမီ ဗီဇာကြိုတင်လျှောက်ထားရမည်

ကွာလာလမ်ပူ နိုဝင်ဘာ ၂၆

အိန္ဒိယနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအနေဖြင့် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ မလေးရှားနိုင်ငံသို့ ခရီးမသွားမီ ဗီဇာကြိုတင်လျှောက်ထားရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံအတွင်း ရက်ပေါင်း ၃၀ အထိ နေထိုင်ခွင့်ပြုထားသည့် သုံးနှစ်ကြာ ဗီဇာကင်းလွတ်ခွင့်ကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗီဇာလျှောက်ထားမှုများကို အစိုးရ၏ မိုင်ဗီဇာအွန်လိုင်းပေါ်တွင် ဒီဇင်ဘာ ၁ ရက်၌ စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မလေးရှားလူဝင်မှုကြီး ကြပ်ရေးဌာနက ကြေညာသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအလွန်တွင် နိုင်ငံတကာခရီးသွားများကို ပိုမိုဆွဲဆောင်ရန် မလေးရှားနိုင်ငံ၏ ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် ယင်းဗီဇာကင်းလွတ်ခွင့်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံသည် အိန္ဒိယခရီးသွားများအတွက် အဓိကခရီးစဉ်နေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး ၂၀၂၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှ ခရီးသွား ၁ ဒသမ ၅၆ သန်း၊ ၂၀၂၄ ခုနှစ်က ၁ ဒသမ ၃၆သန်း လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ **Mon**

o-o-o-o-o

o-o-o-o



STOP AIDS

လပေါ်တွင် ရေရှာဖွေရန်အတွက် လဆင်းယာဉ်ကို ဂျပန် စမ်းသပ်

တိုကျိုး နိုဝင်ဘာ ၂၆

ဂျပန်နိုင်ငံ အာကာသစူးစမ်းရှာဖွေရေးအေဂျင်စီ (JAXA) သည် လဆင်းယာဉ်နမူနာပုံစံတစ်ခုကို ပြသခဲ့ပြီး လပေါ်တွင် ရေရှိသည့်လက္ခဏာများကို ရှာဖွေရန်အတွက် အိန္ဒိယနှင့်အတူ ပူးပေါင်းကာ လုပ်ဆောင်မည့် မစ်ရှင်အတွက် အဆိုပါ နမူနာပုံစံကို အသုံးပြုသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံက လဝင်ရိုးစွန်း စူးစမ်းလေ့လာမည့် မစ်ရှင်အတွက် အဆိုပါယာဉ်ကို မောင်းနှင်အသုံးပြုသွားမည်ဖြစ်ပြီး အိန္ဒိယကမူ လဆင်းယာဉ် ထိန်းချုပ်မှုနှင့် တည်ဆောက်မှုအပိုင်းကို ပြုလုပ်သွားမည်ဖြစ်သည်။ JAXA သည် တိုကျိုမြို့ရှိ စက်ရုံ၌ စမ်းသပ်ယာဉ်ကို စမ်းသပ်မောင်းနှင်ခဲ့ပြီး ရေအရင်းအမြစ်ရနိုင်ခြေရှိသည့် နေရာများကို စုံစမ်းရှာဖွေနိုင်ရန်အတွက် ကိရိယာများကိုလည်း လဆင်းယာဉ်ပေါ်တွင် တပ်ဆင်ထားကြောင်း JAXA က ပြောသည်။

ထို့အပြင် လမျက်နှာပြင်ကို တူးဖော်ပြီး ရရှိလာသည့် နမူနာပစ္စည်းများကို ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရန် တူးဖော်ရေးကိရိယာကိုလည်း တပ်ဆင်ထားသည်။ လပေါ်တွင် ရေရှာဖွေရေးလုပ်ငန်းစဉ်မှာ အဓိကလုပ်ဆောင်မည့် လုပ်ငန်းစဉ်ဖြစ်ပြီး လူစိတ်ဝင်စားမည့် မစ်ရှင်ဟု မျှော်လင့်ကြောင်း JAXA မှ ဟိုရှိနိုး တာကီရှိ က ပြောသည်။ LUPEX ဟု အမည်ပေးထားသည့် လဆင်းယာဉ်ကို ၂၀၂၈ ခုနှစ် ဘဏ္ဍာနှစ်တွင် ကာဂိုရှိမားခရိုင် တာနီဂါရှိမာ အာကာသစခန်းမှနေ၍ H3 ဒုံးပျံဖြင့် လွှတ်တင်သွားမည်ဖြစ်သည်။



အင်နန်အိတ်ချ်ကေ

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

မကျီးကုန်းရပ်ကွက်ရှိ ပုဂ္ဂလိကဝါကြိတ်စက်မီးလောင်မှုဖြစ်ပွား

အောင်လံ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့တွင် ယမန်နေ့ ညနေ ၆ နာရီ ၅၅ မိနစ်က မကျီးကုန်းရပ်ကွက်၊ ပြည်လမ်းရှိ ပုဂ္ဂလိကဝါစက်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။



အဆိုပါမီးလောင်မှုအား အောင်လံမြို့နယ် မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီခွဲ၌ မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ မကျီးရပ်ကွက် ဦးသိန်းတန်၏ ဝါကြိတ်စက်တွင် ဝါကြိတ်စဉ် မီးပွားစပျံ့ခဲ့ရာမှ မီးခိုးများထွက်ကာ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါမီးလောင်မှုကြောင့် ဝါဂိုထောင်ရုံသွပ်မိုး အုတ်ညှပ်တစ်ထပ်တစ်လုံး၊ ဝါပိသာ ၁၀၀ မီးလောင်ဆုံးရှုံးခဲ့သည်။ **(ဝဲပုံ)**

အဆိုပါမီးလောင်မှုကြောင့် လူနှင့်အခြားတိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်းနှင့် မီးပေါ့ဆစ္စာအသုံးပြုသူ တာဝန်ခံ ဦးအောင်ဖြိုးဝေအား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

အာကာ(ပြန်/ဆက်)



မိတ္ထီလာ-ပျော်ဘွယ်ကားလမ်းတွင် ဆီဘောက်ဆာယာဉ်တိမ်းမှောက်မှုဖြစ်ပွား

မိတ္ထီလာ နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ကန်တောင်ကျေးရွာအနီး၊ မိတ္ထီလာ-ပျော်ဘွယ်သွားကားလမ်းတွင် နိုဝင်ဘာ ၂၅ရက် မွန်းလွဲ ၃ နာရီခွဲက ဆီဘောက်ဆာယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး ××××× မောင်းနှင်သော လောင်ဆာဆီဂါလန် ၉၆၀၀ ဆံ့ ဆီဘောက်ဆာယာဉ်သည် မိတ္ထီလာ-ပျော်ဘွယ်ကားလမ်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး၌ ကာရံထားသည့် ကွန်ကရစ်တိုင်များအား တိုက်မိပြီး တိမ်းမှောက်ခဲ့သည်။

အခင်းဖြစ်နေရာသို့ မိတ္ထီလာမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ ဟိန္ဒူမျိုးဆက်သစ်လူမှုကူညီရေးအသင်း၊ ဝန်ဇင်းလူငယ်လူမှုကူညီရေးအသင်း၊ မေတ္တာမွန်လူမှုကူညီရေးအသင်းတို့သည် ကူညီကယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရသူနှစ်ဦးအား မိတ္ထီလာပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

မိုးသီး



တရားမဝင်သယ်ဆောင်လာသည့် မီးသွေးအိတ်များ ဖမ်းဆီးရမိ

သာယာဝတီ နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၌ တရားမဝင် သယ်ဆောင်လာသည့် မီးသွေးအိတ်များ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီတွင် သုံးဆယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် သုံးဆယ်မြို့၊ မီးနင်းချောင်း စစ်ဆေးဂိတ်တွင် ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ပြည်မြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူကျေးရွာနေ ကိုဟန်လင်းကျော် (၂၈)နှစ်ဆိုသူ မောင်းနှင်လာသည့် MITSUBISHI FUSO 6 ဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်မှ လောင်စာတောင့်အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် မီးသွေးအိတ် ၃၅၂ အိတ်အား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဟန်လင်းကျော်အား သုံးဆယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

မိုင်းယောင်းမြို့တွင် မူးယစ်တရားခံပြေးဖမ်းဆီးရမိ

မိုင်းယောင်း နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ယမန်နေ့က မူးယစ်တရားခံပြေးတစ်ဦး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မိုင်းယောင်းမြို့နယ် မုန်းလိုက်တံတားမြို့ဝင်၊ ထွက်စစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဖြတ်မြို့ဘက်မှ မိုင်းယောင်းမြို့ဘက်သို့ ခိုလမ်မြို့နယ်၊ ဟိုင်းလိုက်အုပ်စု၊ (၂၆)မိုင်ကျေးရွာနေသူ ချောက်ကွမ်း(ခ)ဝွမ်ချောင်ဆိုသူ မောင်းနှင်လာသော TOYOTA HILUXREVO အမျိုးအစား(အဖြူရောင်) မော်တော်ယာဉ်ကို ရပ်တန့်ပြီး ချောက်ကွမ်း(ခ)ဝွမ်ချောင်ဆိုသူ၏ အချက်အလက်အား CMS DATA BASE ဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲခန်းက အမှုမှ တရားခံပြေးဖြစ်ကြောင်း စိစစ်သိရှိရသဖြင့် ၄င်းအား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(တာချီလိတ်) ထံ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၅၀၅)**



စက်သုံးဆီများတရားမဝင်ရောင်းချနေသူ အမျိုးသားတစ်ဦးအား အမှုဖွင့်အရေးယူ

လယ်ဝေး နိုဝင်ဘာ ၂၆

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်တွင် စက်သုံးဆီများတရားမဝင် ရောင်းချနေသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။



ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် လယ်ဝေးမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ ဦးနေသူထက် (၃၃)ဆိုသူ၏ ရွှေအိမ်သူစာရေးကိရိယာအရောင်းဆိုင်၌ စက်သုံးဆီများတရားမဝင်ရောင်းချနေကြောင်း သတင်းအရ လယ်ဝေးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ စက်သုံးဆီများတရားမဝင်ရောင်းချနေသူ ဦးနေသူထက်ဆိုသူအား လျှပ်စစ် ဆီပန့်စက် တစ်လုံး၊ စက်သုံးဆီ ၁၃ ဂါလန်ခွဲခန့်၊ စက်သုံးဆီရောင်းချရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်သူအား ဖမ်းဆီးရမိ

တောင်ကြီး နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကွန်လုံကျေးရွာအုပ်စု၊ ညောင်စင်ကျေးရွာတွင် နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်သူအား လောင်းကြေးငွေများ၊ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် ဖမ်းဆီးရမိခဲ့သည်။



ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၃ နာရီခန့်က ရွှေညောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ ကွန်လုံကျေးရွာအုပ်စု၊ ညောင်စင်ကျေးရွာနေ ဒေါ်နန်းတုတ်၏ နေအိမ်အား သွားရောက်စစ်ဆေးရာမှ စားပွဲခုံပေါ်တွင် နံပါတ်အက္ခရာများနှင့် လောင်းကြေးငွေများ ရေးမှတ်ထားသည့် စာအုပ်များ၊ မြန်မာငွေစက္ကူရောရာငွေကျပ် ၇၈၀၀၀ အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ နှစ်လုံး၊ သုံးလုံးထီအား တရားမဝင် လောင်းကစားပြုလုပ်သူ ဒေါ်နန်းတုတ်(၄၉)နှစ်ဆိုသူအား ရွှေညောင်နယ်မြေရဲစခန်းတွင် လောင်းကစားဥပဒေ ပုဒ်မဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝဲပုံ) (၀၅၇)

သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုး သေချာစွာ တပ်ပါ။

ကျောက်ဆည်ကန်မှ ၂၀၂၆ -၂၀၂၇ ခုနှစ်တွင် မိုးစပါးနှင့် အခြားသီးနှံ စိုက်ကော ၄၂၁၈ ကောအား စိုက်ပျိုးရေပေးဝေလျက်ရှိကာ နွေစပါးနှင့် အခြားသီးနှံ စိုက်ကော ၁၂၀၀ အား စိုက်ပျိုးရေပေးဝေရန် လျာထားစီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

ပျော်ဘွယ်မြို့နယ်အတွင်း ရာဂိမုနှံတိုင်းအရှိန်ကြောင့် ထိခိုက်ခဲ့သည့် ကျောက်ဆည်ကန်မှ ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ကန်အတွင်းဝင်ရေအား သိုလှောင်နိုင်သည့် ပမာဏ ထိ ထိန်းညှိသိုလှောင်ကာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးနှင့် အခြားသီးနှံစိုက်ကော ၂၅၇၉ ကောအား စိုက်ပျိုးရေပေးဝေခဲ့ပြီး ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးစပါးနှင့် အခြားသီးနှံ စိုက်ကော ၄၂၁၈ ကောအား စိုက်ပျိုးရေပေးဝေလျက်ရှိကာ နွေစပါးနှင့် အခြားသီးနှံစိုက်ကော ၁၂၀၀ အား စိုက်ပျိုးရေပေးဝေရန် လျာထားစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လိုအပ်ချက်များကိုဖြည့်စွက်ဆွေးနွေး

ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ကန်သို့ ရောက်ရှိ၍ တမံမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရေပိုမိုသိုလှောင်နိုင်ရန်အတွက် မူလတမံအမြင့် အထက် နှစ်ပေမြှင့်တင်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုအခြေအနေ၊ မူလရေပိုလွဲ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ရေတံခါးတပ်အကူ ရေပိုလွဲတည်ဆောက်ရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

ဆိုလာရေတင်စနစ်ဖြင့်စိုက်ပျိုးရေပေးဝေ

ထို့ပြင် ရမည်းသင်းခရိုင်အတွင်းရှိ ကျီးနီကန် ရေသိုလှောင်ထားရှိမှုအခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မူလစီစစ်ကများအတိုင်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးတက်စေရေး လိုအပ်သည့် စိုက်ပျိုးရေပမာဏအတိုင်းပေးဝေနိုင်စေရေး၊ စိုက်ပျိုးရေ ပိုမိုတိုးတက်ရရှိရေးနှင့် ကုန်းမြင့်ဒေသများသို့ အနိမ့်တင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံသို့ရောက်ရှိပြီး တမံပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရေတံခါးများနှင့် ရေပိုလွဲပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ကျောက်ဆည်မြို့နယ် တောင်တော် ကျေးရွာအနီးရှိ တောင်တော်(၁) ဆိုလာစနစ် ရေတင်စီမံကိန်းနှင့် တောင်တော်(၂) ဆိုလာရေတင် စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေရရှိရေးအတွက် ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်သုံးစွဲနိုင်ရေး၊ အခြေအနေပေးသည့်ဒေသများတွင် ဆိုလာဖြစ်ရေတင်လုပ်ငန်းဖြင့် ရာသီအလိုက် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်၊ ရေလှည့်စနစ်ဖြင့် စိုက်ပျိုးရေကို အလေအလွင့်နည်းပါးစွာ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် ဒေသခံတောင်သူများကို အသိပညာပေးခြင်းနှင့် နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ဆွေးနွေးမှာကြားခဲ့သည်။

စိုက်ပျိုးရေပေးဝေသွားနိုင်မည်

တောင်တော်(၁)ဆိုလာစနစ် ရေတင်စီမံကိန်းမှ မြို့ကြီးမြောင်းမတော် ပေတိုင် ၅၆၀၅ ပေ နေရာတွင် ဆိုလာရေတင်စနစ်ဖြင့် စုပ်တင်၍ မိုးကောင်းသောက် ၈က ၂၅၀ အားလည်းကောင်း၊ တောင်တော်(၂)ဆိုလာစနစ် ရေတင်စီမံကိန်းမှ မြို့ကြီးမြောင်းမတော် ပေတိုင် ၇၇၇၅ ပေနေရာတွင် ဆိုလာရေတင်စနစ်ဖြင့် စုပ်တင်၍ မိုးကောင်းသောက် ၈က ၃၅၀ အားလည်းကောင်း ရာသီမရွေး စိုက်ပျိုးရေပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြင်ဦးလွင်ကော်ဖီစီမံကိန်း လုပ်ငန်းရှင်များအနေဖြင့် ကော်ဖီပင်များဖြစ်ထွန်းအောင် စိုက်ပျိုးထားခြင်းမရှိပါက စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ကိုင်ခွင့် ရုပ်သိမ်းသွားမည်

နေပြည်တော် နိုဝင်ဘာ ၂၆

ပြင်ဦးလွင်ကော်ဖီ စီမံကိန်း လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးထားသည့် ကော်ဖီပင်များကို အပင်ဖြစ်ထွန်းအောင်မြင်မှရှိအောင် ထိန်းသိမ်းပြုစုကြရန် လိုအပ်ကြောင်း၊ ထပ်မံကွင်းဆင်းစစ်ဆေး၍ ကော်ဖီပင်များ ဖြစ်ထွန်းအောင် စိုက်ပျိုးထားခြင်းမရှိပါက စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ကိုင်ခွင့် ရုပ်သိမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြင်ဦးလွင်ကော်ဖီစီမံကိန်းလုပ်ငန်းရှင်များကို ယနေ့တွေ့ဆုံဆွေးနွေး ပြောကြားသည်။



ယနေ့တွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုံးအမှတ် (၄၃) ရှိ အစည်းအဝေးခန်းမ၌ မြေပြင်ကွင်းဆင်း စစ်ဆေးချက်အရ မြေဇရိယာအပြည့်အဝ မစိုက်ပျိုးဘဲ တစ်စိတ်တစ်ဒေသကိုသာ စိုက်ပျိုးထားသူလုပ်ငန်းရှင် ၁၁ ဦးနှင့် စိုက်ပျိုးထားသော်လည်း ဖြစ်ထွန်းအောင်မြင်မှ အားနည်းနေသူ လုပ်ငန်းရှင် ၅၆ ဦးတို့ကို ခေါ်ယူတွေ့ဆုံဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တာဝန်ရှိသူများက လုပ်ငန်းရှင်များကို နည်းပညာ၊ မျိုးစေ့၊ ပျိုးပင် လိုအပ်ချက်များနှင့် အခြားအခက်အခဲများရှိပါက စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေး တင်ပြမှုများအပေါ် ရှင်းလင်းဖြေကြားပေးကြသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကော်ဖီစီမံကိန်း ဧရိယာအတွင်းရှိ ကော်ဖီစိုက်ပျိုးရန် လုပ်ကိုင်ခွင့်ချထားပေးသောမြေများအပေါ် စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေကို မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းကာ ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလ အထိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အချို့မှာ ဧရိယာပြည့် စိုက်ပျိုးထားမှုမရှိခြင်း၊ အချို့မှာ စိုက်ပျိုးထားသည် ဆိုရုံမျှသာ စိုက်ပျိုးထားခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ထန်းသုံးပင်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ထန်းသုံးပင်ကျေးရွာတွင် အရှည် ၄၈၅ ပေ၊ အကျယ် ၁၂ ပေ၊ ထူ ၆လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လမ်းအား ရေရှည်တည်တံ့စေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကာရံ(ကျေးလက်)

ယူဂိုပါလိင်္ဂဘောလုံးပြိုင်ပွဲ အမှတ်ပေးလိင်္ဂအဆင့် အနိုင်၊ အရှုံး NGB

ဆဲလ်တာဗီဂို ၁ - ၂ ဘုန်းမောက်

အိုလံပီယာကိုစ် ၂ - ၄ အေစီမီလန်

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၂၆

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ဝမ်တုန်ရွာနေ အမျိုးသမီးတစ်ဦးကို ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်နေသူ နန်းခမ်းလူနှင့် ပန်ဆန်းမြို့နေ အိုက်သန်းတို့က Messenger မှ ပန်ဆန်းမြို့ရှိ အကင်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် တရုတ်ယွမ် ၃၅၀၀ ရရှိမည်၊ လုပ်ကိုင်မည် ဆိုပါက ခရီးစရိတ်/စားစရိတ် စိုက်ထုတ်ခေါ်ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး ပန်ဆန်းမြို့မှတစ်ဆင့် တရုတ်နိုင်ငံ စန်းတုန်းပြည်နယ်နေ နန်းခမ်းလီထံသို့ ပို့ဆောင်ကာ တရုတ်အမျိုးသားတစ်ဦးနှင့် အဓမ္မလက်ထပ်စေရန် တရုတ်ယွမ် ၁၇၀၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း စီစစ်သိရှိရသဖြင့် တန့်ယန်းမြို့မ ရဲစခန်း (ပ)၄၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး နိုဝင်ဘာ ၂၀ ရက်တွင် တန့်ယန်းခရိုင်တရားရုံးက ဖမ်းမိတရားခံ နန်းခမ်းလူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အိုက်သန်းနှင့် နန်းခမ်းလီတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

နိုင်ငံတကာ အားကစား သတင်းများ

နည်းပြ မော်ရင်ဟို ရီးရဲလ်မက်ဒရစ်အသင်းကို ပြိုင်ပွဲစုံ ၁၀ပွဲဆက် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့



မက်ဒရစ် နိုဝင်ဘာ ၂၆

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ မော်ရင်ဟိုသည် အသင်းကို နောက်ဆုံးကစားသည့် ပြိုင်ပွဲစုံ ၁၀ပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ပီအက်စ်ဗွီအသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်ကို ကိုင်တွယ်ပြီး နောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မော်ရင်ဟိုသည် ရီးရဲလ်မက်ဒရစ်အသင်းကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၃ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၈ ပွဲတွင် ၁၆ ပွဲနိုင်၊ ၂ ပွဲရှုံးရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၆၃)နှစ်အရွယ်ရှိ နည်းပြ မော်ရင်ဟိုက ‘ယခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ အသင်းနဲ့အတူ ယခုနှစ်ဘောလုံးရာသီမှာ ဆုဖလားတွေ ရယူသွားမှာပါ’ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

* * * * * *

ဝီလီယံစ်ဘားနက်စ်ကို စာချုပ်သက်တမ်းတိုးရန် စပါးအသင်းစီစဉ်

လန်ဒန် နိုဝင်ဘာ ၂၆

စပါးအသင်း တောင်ပံကစားသမား ဝီလီယံစ်ဘားနက်စ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် စပါးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဝီလီယံစ်ဘားနက်စ်သည် စပါးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ လေးပွဲကစားပြီး တစ်ဂိုးသွင်းယူထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။

စပါးအသင်းထုတ်ပြန်ချက်တွင် ‘ဝီလီယံစ်ဘားနက်စ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီအပြီးသတ်နိုင်တော့မှာပါ’ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**



ဇာဘီရီကို ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်

ဘာစီလိုနာ နိုဝင်ဘာ ၂၆

ဘာစီလိုနာအသင်းသည် ရင်းနက်စ်အသင်းမှ ရေးဆင်းအသင်းသို့ အငှားလာရောက်ကစားနေသည့် တိုက်စစ်မှူး ဇာဘီရီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။



အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် ရေးဆင်းအသင်းနှင့် အတူ ၁၃ ပွဲကစားပြီး ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဇာဘီရီ ကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်း ၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဇာဘီရီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**



အင်တာမီလန်အသင်းက စတုဂတ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

မီလန် နိုဝင်ဘာ ၂၆

ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်တာမီလန်အသင်းနှင့် စတုဂတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်အသင်းက စတုဂတ်ကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာမီလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ဆူဆစ်၊ ပွဲချိန် ၇၄ မိနစ်တွင် လော်တာရိမာတီ နက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်တာမီလန်အသင်းသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၁၀ ရက်တွင် ဒေါ့မွန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

ဘောလုံးသတင်းအတိုအထွာများ

* ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မန်ယူအသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

* ရိုးမားအသင်းသည် နော်တင်ဟမ်ဖောရက်စ်အသင်း တောင်ပံကစားသမား ကယ်လမ်ဟတ်ဒ်ဆန်အိုဒွိုင်းကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

နည်းပြ ယော်ဒါနက်စ်ကူကို နည်းပြသစ်အဖြစ် ဝက်ဖိုဒ်အသင်းခန့်အပ်

လန်ဒန် နိုဝင်ဘာ ၂၆



အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းသည် အသင်း နည်းပြသစ်အဖြစ် နည်းပြ ယော်ဒါနက်စ်ကူကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဝက်ဖို့ဒ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီကုန်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

နည်းပြ ယော်ဒါနက်စ်ကူသည် နည်းပြဘဝတစ်လျှောက်တွင် ရိုမေးနီးယားကလပ်အသင်းများစွာကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဝက်ဖို့ဒ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြ ယော်ဒါနက်စ်ကူအနေဖြင့် ဝက်ဖို့ဒ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

စီရော်နယ်လ်ဒို ကစားသမားဘဝ သွင်းဂိုးပေါင်း ၉၈၇ ဂိုးအထိရှိလာ

လန်ဒန် နိုဝင်ဘာ ၂၆

အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝတွင် သွင်းဂိုးပေါင်း ၉၈၇ ဂိုးအထိရှိလာခဲ့ပြီး သွင်းဂိုး ၁,၀၀၀ ပြည့်မြောက်ရန် ၁၃ ဂိုးသာ လိုအပ်နေတော့သည်။

အသက်(၄၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်နာဆာအသင်းက အယ်လ်ဆတ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၉၈၇ ဂိုး ပြည့်မြောက်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အယ်လ်နာဆာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄ ပွဲကစားပြီး ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

စီရော်နယ်လ်ဒိုက ‘ကျွန်တော် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ဖို့ ရည်မှန်းထားပါတယ်။ နောက်ထပ်ပြိုင်ပွဲတွေမှာလည်း သွင်းဂိုးတွေဆက်လက်သွင်းယူသွားမှာပါ’ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ နံနက် ၀၂:၀၀ နာရီ	ပါဒါဘရီမင် - မိုချန်ဂလာဘတ်	ပါဒါဘရီမင် ၁-၁ မိုချန်ဂလာဘတ် မိုချန်ဂလာဘတ် ၀-၄ ပါဒါဘရီမင်

အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ နံနက် ၀၂:၃၀ နာရီ	နော်တင်ဟမ် - ချဲလ်ဆီး	နော်တင်ဟမ် ၀-၃ ချဲလ်ဆီး ချဲလ်ဆီး ၁-၃ နော်တင်ဟမ်

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ နံနက် ၀၂:၃၀ နာရီ	လီဝန်တေး - ရေးဆင်း	လီဝန်တေး ၁-၁ ရေးဆင်း ရေးဆင်း ၀-၀ လီဝန်တေး

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ နံနက် ၀၂:၁၅ နာရီ	ဝင်နီဇီယာ - ဘိုလော့ဂ်နာ	ဝင်နီဇီယာ ၀-၁ ဘိုလော့ဂ်နာ ဘိုလော့ဂ်နာ ၃-၀ ဝင်နီဇီယာ

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ နံနက် ၀၂:၁၅ နာရီ	ဘရက်စ် - ပဲရစ်	------

အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ နံနက် ၀၂:၃၀ နာရီ	ဆောက်သမ်တန် - မစ်ဒယ်ဘရော့	ဆောက်သမ်တန် ၁-၁ မစ်ဒယ်ဘရော့ မစ်ဒယ်ဘရော့ ၄-၀ ဆောက်သမ်တန်

မြန်မာမိသားစုစာအုပ်ဖြင့် စာအုပ်၊ စာဖောင်ချစ်မြတ်နိုးသူများအသင်းမှ စာဖတ်ဝိုင်းကျင်းပ

မိုင်းဓတ် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊ စာဖောင်ချစ်မြတ်နိုးသူများအသင်း Book Club တို့ပူးပေါင်း၍ မြန်မာမိသားစုစာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်နှင့် စာအုပ်၊ စာဖောင်ချစ်မြတ်နိုးသူများအသင်း Book Club အသင်းဥက္ကဋ္ဌ ဦးတင်ဇေတို့က လစဉ်စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် အဖွဲ့ဝင်များအနေဖြင့် မိသားစုနှင့်အတူ စာဖတ်ကြစို့ အစီအစဉ်တွင်ပါဝင်ရေး တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသော Book Club အဖွဲ့ဝင်များက စာရေးဆရာ ချစ်စံဝင်းရေးသားသည့် မြန်မာမိသားစုစာအုပ်မှ မိသားစုစိတ်ဓာတ်၊ မြန်မာစိတ်ဓာတ်၊ မင်္ဂလာတရား ၃၈ ပါးနှင့် လူအိုဘဝ စသည့် ခေါင်းစဉ်ပါ စာပိုဒ်များကို ဖတ်ကြားကြပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြကာ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)



ကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းနိုင်ရေး ကျေးရွာရွေးချယ်ပွဲ ကျင်းပ

ထီးချိုင့် နိုဝင်ဘာ ၂၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာ ရိုင်၊ ထီးချိုင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ကြားဖြတ်ဘတ်ဂျက်ဖြင့် ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းနိုင်ရန်အတွက် ကျေးရွာရွေးချယ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ယာယီရုံးဖွင့်လှစ်ထားသည့် လေသာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေဦးစွာ ထီးချိုင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုးက အဖွင့်အမှာစကားပြောကြားပြီး ထီးချိုင့်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ရုံးတာဝန်ခံဦးအောင်ကျော်ထွန်းက အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ထီးချိုင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက ပြောသည်။

(အပေါ်ပုံ)
အောင်ရဲကျော်

––*–*–*–*

ဓာတ်အားပေးမှုနှင့် ဓာတ်အားသုံးစွဲမှုအခြေအနေများ၊ ခွဲရုံများအား ကြည့်ရှုစစ်ဆေး

သာစည် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးတင်အောင်ဦးဆောင်သော ရုံးချုပ်မှအဖွဲ့သည် ယမန်နေ့က မိတ္ထီလာခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုနှင့် online မီတာတပ်ဆင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးလက်အောက်ရှိ ဓာတ်အားပေးမှုနှင့် ဓာတ်အားသုံးစွဲမှုအခြေအနေများ၊ ခွဲရုံများအား ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့သည်။

ရှေးဦးစွာ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးလက်အောက်ရှိ 33 KV ဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးနေသော ဝမ်းသာကျေးရွာနှင့် ဟံဇာကျေးရွာတို့ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ တရားမဝင်ဓာတ်အားခိုက်ဆက် အသုံးပြုမှုရှိ၊ မရှိ၊ ကျေးရွာပြည်သူများထံမှ ဌာနဝန်ထမ်းများ ငွေကြေးအလွဲသုံးမှုရှိ၊ မရှိနှင့် အဆိုပါကျေးရွာများရှိ ယက္ကန်းရုံများ၊ ဓာတ်အားသုံးစွဲမှုများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ 33/11 KV,1.25x2 Nos ဟံဇားခွဲရုံအား စစ်ဆေးခဲ့သည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ခရိုင်နှင့် မြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အား ပေးခြိမ်းနှင့် ဖြတ်တောက်ခြိမ်းများကို တိကျစွာဆောင်ရွက်ကြရန်၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန်နှင့် 33/11KV, 10 MVA မြို့မဓာတ်အားခွဲရုံအတွင်း စစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(၄၈၇)

––*–*–*–*–*

မြန်ဟ့်စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်လစာငွေများ စတင်ထုတ်ပေးလျက်ရှိ



တံတားဦး နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် နိုဝင်ဘာလအတွက် အငြိမ်းစားပင်စင်ငွေများကို နိုဝင်ဘာ ၂၅ ရက် နံနက် ၆ နာရီက စတင်ထုတ်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ အငြိမ်းစားပင်စင်လစာငွေများ ထုတ်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကာယကံရှင် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် အငြိမ်းစားအသက်ကြီးသူများနှင့် ကျန်းမာရေးမကောင်းသူများ၏ အငြိမ်းစားပင်စင် လစာငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူလိုပါက လိုအပ်သော အထောက်အထားများ ပြည့်စုံမှန်ကန်စွာဖြင့် လာရောက်ထုတ်ယူနိုင်ပါကြောင်း၊ အငြိမ်းစားပင်စင်လစာထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ထမ်းများက စာရင်းဖြည့်သွင်းခြင်းများကို စနစ်တကျဆောင်ရွက်ပေးပြီး အလှည့်ကျစနစ်ဖြင့် ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်းကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ် တာဝန်ရှိသူထံမှ သိရသည်။ အလားတူ မြို့နယ်အတွင်းကျန်ရှိသည့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို သက်မှတ်ရက် ဘဏ်ဖွင့်ချိန်အတွင်း ဆက်လက်ထုတ်ပေးမည်ဖြစ်သည်။ တံတားဦးမြို့နယ်အနေဖြင့် အငြိမ်းစားပင်စင်ခံစားခွင့်ရှိသူ ၁,၅၀၉ ဦး ရှိကြောင်း သိရသည်။ **(၄၀၉)**

အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက်ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်ရုံးကော်မတီ။

တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဇမ္ဗူသီရိ နိုဝင်ဘာ ၂၆

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက တဲကြီးကုန်းကျေးရွာ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထဲ ရန်ပုံငွေကျပ် ၄၃ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တဲကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၂ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၀ ဦးကို ငွေကျပ် ၁၈ ဒသမ ၄ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ငွေကျပ် ၄၃ ဒသမ ၉ သန်း ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)(၄၄၅)**

ခွံဝါငှက်ပျော တစ်ဧက စုစုပေါင်းရောင်းရငွေကျပ် ၁၀၅ သိန်းအထိ ရရှိနိုင်ဟုဆို

မန္တလေး နိုဝင်ဘာ ၂၆

ခွံဝါငှက်ပျော တစ်ဧက စိုက်ပျိုးရာတွင် အပင် ၇၀၀ မှ ၈၀၀ ခန့် စိုက်ပျိုးနိုင်ပြီး စတင် စိုက်ပျိုးစရိတ် ငွေကျပ် ၁၀ သိန်း ဝန်းကျင် ကုန်ကျနိုင်ကြောင်း သိရသည်။ အပင်တစ်ပင်လျှင် ငါးဖီးထွက်ရှိပြီး တစ်ဖီးလျှင် ငွေကျပ် ၃,၀၀၀ ဖြင့် ရောင်းချနိုင်ပါက အပင် ၇၀၀ အတွက် စုစုပေါင်း ရောင်းရငွေကျပ် ၁၀၅ သိန်းရရှိနိုင်ကြောင်း ငှက်ပျော စိုက်တောင်သူ ဦးမောင်ရှင်က ပြောသည်။



ခွံဝါငှက်ပျော စိုက်ပျိုးရာတွင် မြေပြင်ပြင်ဆင်မှု၊ မျိုးပင်နှင့် သွင်းအားစု၊ လုပ်အားခများ အတွက် စတင်စိုက်ပျိုးစရိတ် ကုန်ကျခြင်းဖြစ်ပြီး မျိုးပင်နှင့် သားတက်တစ်ပင်လျှင် ငွေကျပ် ၃၀၀ မှ ၅၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

စိုက်ပျိုးချိန်အနေဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ပထမအကြိမ် စိုက်ပျိုးပြီးနောက် ရှစ်လခန့်အကြာတွင် အသီးခူးဆွတ်နိုင်သည်။ အပင်တစ်ပင်လျှင် သုံးဖီးမှ ငါးဖီးအထိ ထွက်ရှိနိုင်ပြီး တစ်ဖီးလျှင် ငွေကျပ် ၃,၀၀၀ မှ ၃,၅၀၀ ဝန်းကျင်ဖြင့် ခြံဈေးရှိနေသည်။

ပင်မပင်မှ အသီးခူးဆွတ်ပြီးနောက် သားတက်တစ်ပင် ချန်ထားပါက ရာသီဥတုအခြေအနေအပေါ် မူတည်၍ လေးလမှ ခြောက်လအတွင်း အသီးပြန်လည်ထွက်ရှိနိုင်ကြောင်း သိရသည်။ ပထမအကြိမ် စိုက်ပျိုးချိန်တွင် လုပ်အားနှင့် ပြုစုစရိတ် ပိုမိုကုန်ကျသော်လည်း နောက်ပိုင်း သားတက်အဆင့်များတွင် ပြုစုထိန်းသိမ်းမှု ပိုမိုပေါ့ပါးနိုင်ကြောင်း သိရသည်။

ခွံဝါငှက်ပျောသည် ဒေသတွင်း ပုံမှန်စားသုံးသည့် ငှက်ပျော မျိုးများနှင့် ကွဲပြားသည့် မျိုးဖြစ်ပြီး ဝယ်လက်နှင့် တင်ပို့မှုဈေးကွက်ဆိုင်ရာ အခြေအနေများနှင့် ဆက်စပ်၍ စိုက်ပျိုးလာကြခြင်းဖြစ်သည်။

လက်ရှိတွင် ခွံဝါငှက်ပျောကို ကျောက်ဆည်မြို့နယ်၊ ဟံမြင့်မိုရ်၊ သံရွာနှင့် အင်းကုန်း-ပေါင်လောင်းဝန်းကျင်ရှိ ဒေသအချို့တွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) ရွှေမန်း



ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၃၀,၀၀၀ အထိ မြင့်တက်လာသော်လည်း အရောင်းအဝယ်အေးနေဆဲ

မန္တလေး နိုဝင်ဘာ ၂၆

ယခုနှစ် ပဲစင်းငုံဈေးကွက်တွင် အရောင်းအဝယ် မသွက်လက်ခဲ့သော်လည်း တန်ဆောင်မုန်းကာလမတိုင်မီ တစ်လခန့်အလိုမှ စတင်၍ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ရာ ယနေ့ နိုဝင်ဘာ ၂၆ ရက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀ မှ ၄၃၀,၀၀၀ အထိ ရှိလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပဲစင်းငုံဈေးနှုန်း မြင့်တက်လာသော်လည်း ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ်မှာ အေးနေဆဲဖြစ်ပြီး ပို့ကုန်နှင့် ငွေကြေးဈေးကွက်အခြေအနေများကြောင့် ဈေးနှုန်းဆက်လက်မြင့်တက်နိုင်မှုအပေါ် အကန့်အသတ်ရှိနေကြောင်း သိရသည်။

လက်ရှိဈေးကွက်အတွင်း ရောင်းဝယ်နေသည့် ပဲစင်းငုံများမှာ ပဲအသစ်များမဟုတ်ဘဲ လက်ကျန်ပဲအဟောင်းများသာဖြစ်ပြီး ပဲစင်းငုံအသစ်များမှာလာမည့် ဇန်နဝါရီလဆန်းပိုင်းတွင် စတင်ထွက်ပေါ်လာနိုင်ကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

ယခင်က ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ သိန်းဝန်းကျင်က အများဆုံးဝယ်လှောင်ထားသူများအနေဖြင့် လက်ရှိအချိန်တွင် တစ်အိတ်လျှင် ငွေကျပ် ၁၀၀,၀၀၀ ခန့် အကျိုးအမြတ်ရရှိနိုင်ကြောင်း လက်ရှိပဲဈေးကွက်အရ သိရသည်။

ထို့ပြင် ယခုနှစ်တွင် စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့် စိုက်ပျိုးရေးသုံးဆေးဝါးဈေးနှုန်းများ မြင့်တက်နေသည့်အတွက် အချို့ဒေသများ၌ ယခင်နှစ်များက ဈေးကောင်းရရှိခဲ့သည့် ပဲတီစိမ်းအစား စိုက်ပျိုးထွက်ရှိမှုနှင့် သိမ်းဆည်းမှု ပိုမိုလွယ်ကူသည့် ပဲပုပ်ကို ပိုမိုရွေးချယ် စိုက်ပျိုးလာကြကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

(အပေါ်ပုံ) ရွှေမန်း

မြေပဲဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး စားအုန်းဆီဈေးနှုန်းကြောင့် ဈေးကောင်းရရှိနေ

မန္တလေး နိုဝင်ဘာ ၂၆

မြေပဲဈေးကွက်တွင် လက်ရှိအချိန်၌ အရောင်းအဝယ် ပုံမှန်အတိုင်း ဆက်လက်ဖြစ်ပေါ်နေပြီး စားအုန်းဆီဈေးနှုန်းမြင့်တက်နေမှုကြောင့် မြေပဲဆန်နှင့် ဆီထွက်ပစ္စည်းဈေးနှုန်းများမှာ ဈေးကောင်းရရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဒေသအချို့တွင် ဆီထွက်သီးနှံများ စတင်ပေါ်ထွက်လာသည်မှာ တစ်လမှ နှစ်လခန့်ရှိပြီဖြစ်သော်လည်း စားအုန်းဆီဈေးနှုန်းမှာ မျှော်မှန်းထားသလောက် ကျဆင်းခြင်းမရှိသေးဘဲ ဈေးနှုန်းမြင့်မားနေဆဲဖြစ်သည်။ ယင်းအခြေအနေကြောင့် မြေပဲဆန်နှင့် မြေပဲဆီဆန်၊ ဆီချော ဈေးနှုန်းများမှာလည်း ဈေးကျဆင်းမှုနည်းပါးပြီး လက်ရှိဈေးနှုန်းအတိုင်း တည်ငြိမ်နေခြင်းဖြစ်သည်။

လက်ရှိတွင် မြေပဲလုံးနှင့် မြေပဲဆန်များမှာ တစ်ပိဿာလျှင်ငွေကျပ် ၁၂,၀၀၀ ဝန်းကျင်ရှိနေပြီး ယခင်နှစ်များက တစ်ပိဿာလျှင် ငွေကျပ် ၇,၀၀၀ မှ ၈,၀၀၀ ဝန်းကျင်သာရှိခဲ့သည့် အခြေအနေနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်မားနေဆဲ ဖြစ်သည်။

စားအုန်းဆီဈေးနှုန်းနှင့် ဆီထွက်သီးနှံဈေးကွက်အခြေအနေများအပေါ် မူတည်၍ မြေပဲဈေးနှုန်းများ တည်ငြိမ်နေသည့်အတွက် တောင်သူများနှင့် ကုန်သည်များအကြား မြေပဲဆန် အရောင်းအဝယ်မှာ ဝယ်လိုအားကောင်းနေပြီး တောင်သူများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

(အောက်ပုံ) ရွှေမန်း



တတိယအကြိမ်မြောက် ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲ မန္တလေးမြို့တွင် ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏လမ်းညွှန်မှုနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် တတိယအကြိမ်မြောက် 'ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲ'ကို မန္တလေးမြို့၌ လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရောင်းပွဲတော်ကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ လမ်း ၇၀နှင့် ၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း 'ရတနာပုံခန်းမ'တွင် ဒီဇင်ဘာလ ၇ ရက်မှ ၁၁ ရက်အထိ(တနလာနေ့မှ သောကြာနေ့အထိ) ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ပွဲတော်ရက်များအတွင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများထံသို့ ဆေးဝါးများကို တိုက်ရိုက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း အသင်းက အသိပေးကြေညာထားသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၉ရက်မှ ၁၃ ရက်အထိ နေပြည်တော်၊ ပျဉ်းမနားမြို့ရှိ မေခန်းမ၌လည်း 'ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲ'ကျင်းပခဲ့ပြီး ဆေးကုမ္ပဏီများမှ ဆေးဝါးအမျိုးအစားပေါင်း ၉၀၀ ကျော်ကို ကုမ္ပဏီတိုက်ရိုက်ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)



(မန္တလေးနေ့စဉ်-၆)

မန္တလေးအိမ်ခြံမြေဈေးကွက် အရောင်းအဝယ်အေးနေပြီး မြို့သစ်ပိုင်းတွင်သာ အနည်းငယ်ရှိနေ

မန္တလေး နိုဝင်ဘာ ၂၆

မန္တလေးမြို့၏ အိမ်ခြံမြေဈေးကွက်အတွင်း လက်ရှိကာလ၌ အရောင်းအဝယ်လုပ်ငန်းများ အေးစက်နေပြီး အထူးသဖြင့် မြို့လယ်ခေါင်(Downtown Area) အတွင်းရှိ အိမ်ခြံမြေများတွင် အရောင်းအဝယ် သိသိသာသာ နည်းပါးနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

မြို့လယ်ပိုင်းရှိ အိမ်ခြံမြေများမှာ ဈေးနှုန်းမြင့်မားမှုနှင့် ဝယ်ယူသူများ၏ ဈေးကွက်ကို စောင့်ကြည့်နေမှုများကြောင့် အရောင်းအဝယ်ဖြစ်ပေါ်မှုနည်းပါးနေပြီး ရောင်းချလိုသူများရှိသော်လည်း ဝယ်ယူသူရှာဖွေရန်အခက်အခဲရှိနေကြောင်း သိရသည်။

အိမ်ခြံမြေအကျိုးဆောင်များ၏ ဈေးကွက်အခြေအနေအပေါ် သုံးသပ်ချက်အရ လက်ရှိတွင် ဝယ်ယူသူများမှာ အိမ်ခြံမြေဈေးနှုန်းများကို ပိုမိုချိန်ဆလာကြပြီး ရောင်းသူနှင့် ဝယ်သူကြား ဈေးနှုန်းညှိနှိုင်းမှုများ အဆင်ပြေမှသာ အရောင်းအဝယ်ဖြစ်ပေါ်သည့်အခြေအနေရှိကြောင်း သိရသည်။



မြို့သစ်ပိုင်းများတွင်မူ အရောင်းအဝယ်အချို့ ဆက်လက်ဖြစ်ပေါ်နေပြီး အထူးသဖြင့် ငွေကျပ် သိန်းထောင်ဂဏန်းဝန်းကျင်ရှိသည့် အိမ်ခြံမြေများတွင် ဝယ်ယူစုံစမ်းမှုနှင့် အရောင်းအဝယ် အနည်းငယ်ရှိနေကြောင်း သိရသည်။

လက်ရှိမန္တလေးအိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ်လုံးဝရပ်တန့်သွားခြင်းမဟုတ်သော်လည်း ယခင်ကထက် အရောင်းအဝယ်ကျဆင်းနေပြီး မြို့လယ်ပိုင်းထက် မြို့သစ်ပိုင်းရှိ တန်ဖိုးသင့် အိမ်ခြံမြေများတွင်သာ အရောင်းအဝယ် အနည်းငယ်ရှိနေကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

ထွင်းထွက်များ၏ ပုံဆောင်သဏ္ဌာန်



တွင်းထွက်နှင့် ပုံဆောင်ခဲ

သဘာဝအတိုင်း ဖြစ်ပေါ်လာပြီး သက်ရှိများနှင့် ဆက်စပ်မှုမရှိသော အဇီဝမူလ အစိုင်အခဲဖြစ်သည့် တိကျသော ဓာတုဖွဲ့စည်းမှု၊ စနစ်ကျသော အက်တမ်ဖွဲ့တည်မှုရှိသော အရာဝတ္ထုကို 'တွင်းထွက်'ဟု ခေါ်ကြသည်။ တွင်းထွက်များကို ပုံသဏ္ဌာန်အမျိုးမျိုးရှိသော ပြင်ညီမျက်နှာပြင်များနှင့် ကာရံထားသည်။ ယင်းတို့ကို ပုံဆောင်ခဲဟု ခေါ်ဆိုသည်။ ပုံဆောင်ခဲများသည် ကုဗပုံ၊ ရွမ်းဗတ်ပုံ၊ ဆလင်ဒါပုံ၊ ရှစ်မျက်နှာတုံး၊ ၁၈ မျက်နှာတုံးနှင့် မျက်နှာပြင်များစွာဖြင့် တည်ဆောက်ထားကြသည်။

ပုံဆောင်ခဲနှင့် ပုံဆောင်သဏ္ဌာန်

အတွင်းပိုင်း အက်တမ်ဖွဲ့စည်းပုံများကြောင့် တွင်းထွက်တို့တွင် ပြင်ညီမျက်နှာပြင်များ ရှိကြသည်။ ယင်းမျက်နှာပြင်များနှင့် တည်ဆောက်ထားသည့် အစိုင်အခဲကို ပုံဆောင်ခဲ(Crystal) ဟုခေါ်ပေရာ ပုံဆောင်ခဲအမျိုးမျိုးကို တွေ့ရသည်။ ပုံဆောင်သဏ္ဌာန်ဆိုသည်မှာ ယင်းမျက်နှာပြင်များ၏ ဖွဲ့စည်းတည်ဆောက်မှုကို ခေါ်သည်။ ပုံဆောင်ခဲတစ်ခုသည် တူညီသော မျက်နှာပြင်များဖြင့် ဖွဲ့စည်းထားပါက ယင်းကို 'ပုံပိတ်' (Close form) ဟုခေါ်သည်။ အကယ်၍ မတူညီသောမျက်နှာပြင်များ နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော မျက်နှာပြင်များနှင့် ဖွဲ့စည်းထားပါက ယင်းကို 'ပုံပွင့်' (Open form)ဟု ခေါ်သည်။

ဥပမာ(၁) - စတုရန်းပုံ မျက်နှာပြင်ခြောက်ခုဖြင့် ဖွဲ့စည်းထားသော ကုဗပုံ (Cubic Form)၊ တြိဂံပုံ တူညီမျက်နှာပြင်ရှစ်ခုနှင့် ဖွဲ့စည်းထားသော ရှစ်မျက်နှာတုံး (Octahedron) တို့သည် 'ပုံပိတ်' ဖြစ်ကြသည်။

ဥပမာ(၂) - တူညီမျက်နှာပြင် တစ်ခုတည်းမဟုတ်ဘဲ စတုရန်းပုံ၊ စတုဂံပုံ၊ ပဉ္စဂံပုံ၊ ဆဋ္ဌဂံပုံ၊ တြိဂံပုံ များနှင့် ဖွဲ့တည်ထားသော ပုံဆောင်ခဲကို 'ပုံပွင့်' ဟုသတ်မှတ်သည်။



ပုံဆောင်သဏ္ဌာန်နှင့် ပုံဆောင်စနစ်

တွင်းထွက်များ၏ ပုံဆောင်သဏ္ဌာန်များသည် ထူးခြားအံ့သြဖွယ်ဖြစ်သည်။ သဘာဝ၏ လုပ်ဆောင်မှုများသည် လူတို့ အတုယူဖန်တီးရန် ခက်ခဲလှသည်။ လှပခြင်း၊ တောက်ပခြင်း၊ ရှားပါးခြင်း၊ ခိုင်မာခြင်းနှင့် တာရှည်တည်တံ့ခြင်းသည် တွင်းထွက်များ၏ ထူးခြားသော ဂုဏ်သတ္တိဖြစ်သည်။ ဂျီသြမေတြီဆိုင်ရာ အင်္ဂါရုပ်များကို အခြေခံ၍ ပုံဆောင်စနစ်များ (Crystal Systems) ခွဲခြားသတ်မှတ်ကြသည်။ ပုံဆောင်ခဲများအတွင်း၌ ပုံဆောင်ခဲဝင်ရိုး(Crystal Axis)များကို စိတ်မှန်းဖြင့် ရေးဆွဲပြီး ယင်းဝင်ရိုးများ၏ တည်နေပုံ၊ တစ်ခုနှင့်တစ်ခု ဖြတ်နေပုံ၊ ထောင့်မှန်းကျနေပုံ၊ တိမ်းစောင်းနေပုံ၊ အတိုအရှည် စသည်တို့ကို အခြေခံ၍ ပုံဆောင်စနစ် (Crystal System) ခြောက်ခုသတ်မှတ်သည်။ ပုံဆောင်စနစ်များအကြောင်းကို အကျဉ်းမျှ ဖော်ပြလိုသည်။

ကုဗစနစ် - ယင်းစနစ်တွင် ပုံဆောင်ခဲဝင်ရိုးသုံးချောင်းရှိပြီး ယင်းတို့သည် အရှည်အစားတူညီကြသည်။ ဝင်ရိုးများသည် တစ်ခုနှင့်တစ်ခု ထောင့်မှန်ကျနေကြသည်။ {ဥပမာ - ဂလီနား(ခေါ်) ခဲပုပ်၊ သိန္ဓေဆား၊ ပိုင်ရိုက်(ဗဟန်း)ကြေးသတ္တု၊ စိန် }



စတုဂုဏ်စနစ် - ယင်းစနစ်တွင် ပုံဆောင်ခဲဝင်ရိုး သုံးချောင်းရှိပြီး ရေပြင်ညီဝင်ရိုး နှစ်ချောင်းသည် အရှည်အစား တူညီကြပြီး ထောင်လိုက်ဝင်ရိုးတစ်ချောင်းသည် ယင်းနှစ်ချောင်းထက် တိုသည်။ ရှည်သည်။ ဝင်ရိုးများသည် တစ်ခုနှင့်တစ်ခု ထောင့်မှန်ကျနေကြသည်။ {ဥပမာ - Cassiterite, zircon (ဥဒေါင်)}

တစ်ရိုးစောင်းစနစ် - ယင်းစနစ်တွင် ပုံဆောင်ခဲ ဝင်ရိုးသုံးချောင်းရှိပြီး တစ်ခုနှင့်တစ်ခု အရှည်မညီပါ။ ထောင်လိုက်ဝင်ရိုးသည် ကျန်ဝင်ရိုးတစ်ချောင်းနှင့် ထောင့်မှန်မကျပေ။ ယင်းဝင်ရိုးသည် တစ်ဖက်ဖက်သို့ တိမ်းစောင်း၍နေသည်။ ထို့ကြောင့် တစ်ရိုးစောင်းစနစ်ဟု သတ်မှတ်သည်။ {ဥပမာ - ဂေါဒန်၊ ဩဂိုက်၊ ဩသိုကလေ့၊ ပူဖရမ်မိုက်၊ တိုင်တေနိုက် }

သုံးရိုးစောင်းစနစ် - ယင်းစနစ်တွင် ပုံဆောင်ခဲ ဝင်ရိုးသုံးချောင်းရှိပြီး ယင်းတို့သည် အရှည်မညီကြပါ။ အချင်းချင်းလည်း ထောင့်မှန်မကျပါ။ {ဥပမာ- ကြိုင်နိုက်(Kyanite)။ အယ်လဗိုက်(Albite)။ အဇင်နိုက်(Axinite)}

ပုံဆောင်မဲ့

တွင်းထွက်အားလုံးသည် အထက်ဖော်ပြပါ ပုံသဏ္ဌာန်နှင့် ပုံဆောင်စနစ်များ မရှိကြပေ။ တချို့သည် ပုံဆောင်ရန် အခြိန်လုံလောက်မှုမရှိ၍ ပုံဆောင်မွှား(Cryptocrystalline)နှင့် ပုံဆောင်မဲ့(Amorphous)များ ဖြစ်ပေါ်လာကြသည်။ တချို့သည် လုံးဝိုင်းသောအစိုင်အခဲများ အစုအဝေး(သို့မဟုတ်) ပုံသဏ္ဌာန် အတိအကျမရှိသော အစိုင်အခဲ အစုအဝေး(Aggregate)အဖြစ်လည်း ဖြစ်တည်နိုင်ပေသည်။

မြွာပူးတွင်းထွက်

တချို့သည် ပုံဆောင်သဏ္ဌာန်ရှိသော်လည်း ပုံဆောင်ခဲ တစ်ခုတည်းမဟုတ်ဘဲ နှစ်ခု၊ သုံးခု ပူးလျက်အနေအထားကို တွေ့ရသည်။ ယင်းတို့ကို မြွာပူးတွင်းထွက် (Twin crystal) ဟုခေါ်သည်။

တချို့သောကျောက်များတွင် တွင်းထွက် တစ်မျိုးတည်းသာ ပါဝင်သော်လည်း ကျောက်အမျိုးအစား တော်တော်များများတွင် တွင်းထွက် တစ်မျိုးတည်းမဟုတ်ဘဲ တွင်းထွက်များ စုဝေးဖြစ်ပေါ်နေကြသည်။

စကြဝဠာသည် အပြောကျယ်လှသည်။သဘာဝဖြစ်စဉ်များကလည်း အလွန်ဆန်းပြား ထူးခြားလှပေသည်။ ကမ္ဘာ့အတွင်းပိုင်းရှိ ကျောက်ရည်ပူများသည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တိုးထွက်လာကြသည်။ တချို့က အပြင်ဘက်သို့ ရောက်မလာဘဲ အတွင်းပိုင်းမှာပင် အေးခဲကြသည်။ ဗက်သိုလစ်၊ လိုပိုလစ် (ခေါ်) မြေနက်ကျောက်စိုင်ကြီးများအဖြစ် တည်ရှိနေကြသည်။ တချို့သည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ အက်ကွဲကြောင်းများ၊ မီးတောင်ပေါက်ကွဲခြင်းများဖြင့် ရောက်ရှိလာကြသည်။ ယင်းကျောက်များတွင် ဓာတုဖွဲ့စည်းမှုအမျိုးမျိုးရှိသောတွင်းထွက်များ ဖြစ်တည်လာကြသည်။ ဖြစ်တည်ပြီးသော ကျောက်များကို ကမ္ဘာ့မြေတွင်းလှုပ်ရှားမှုများက တွန့်ခေါက်စေသည်။ မြေအောက်အနက်ပိုင်းမှသည် မြေပြင်သို့ တွန်းတင်ပေးသည်။ တချို့မှာ မြေအနက်ပိုင်းသို့ စိုက်ဝင်သွားကြပြန်သည်။ ထိုအခါ ကျောက်များသည် ကျိုးပဲ့သည်။ ကြေမွစေသည်။ ပုံပြောင်းစေသည်။ တွင်းထွက်အသစ်များ ထပ်မံဖြစ်ပေါ်ကြသည်။

ရွမ်းဗတ်စနစ် - ယင်းစနစ်တွင် ပုံဆောင်ခဲ ဝင်ရိုး သုံးချောင်းရှိပြီး ယင်းတို့သည် အရှည်အစား မတူညီကြပေ။ သို့သော် ဝင်ရိုးများသည် တစ်ခုနှင့်တစ်ခု ထောင့်မှန်ကျနေကြသည်။ {ဥပမာ- ဆာလဖာ၊ ဘရိုက်တီး၊ အိုလီဗင်း }

ဆဋ္ဌဂုဏ်စနစ် - ယင်းစနစ်တွင် ပုံဆောင်ခဲ ဝင်ရိုးလေးချောင်းရှိပြီး ရေပြင်ညီအတိုင်းရှိသော ဝင်ရိုးသုံးချောင်းသည် အရှည်တူညီကြပြီး ယင်းတို့သည် အချင်းချင်း ထောင့်မှန်မကျပါ။ သို့သော် ယင်းဝင်ရိုး သုံးချောင်းပါသည့်ပြင်ညီကို ထောင်လိုက်ဝင်ရိုးက ထောင့်မှန်ကျနေသည်။ ထောင်လိုက် ဝင်ရိုးသည် ကျန်ဝင်ရိုးသုံးချောင်းထက် ပို၍ တိုသည်။ ရှည်သည်ကို တွေ့ရသည်။ {ဥပမာ- ပတ္တမြား၊ နီလာ၊ မြ၊ မျက်ရွဲ - Beryl}

ဥပမာ - စကျင်ကျောက်သည် ကယ်လ်ဆိုက် တွင်းထွက်တစ်မျိုးတည်းသာ ပါဝင်ဖွဲ့စည်းထားသည်။ ဂနက်နစ်(နှမ်းဖတ်ကျောက်)သည် သလင်း၊ ဖယ်လ်စဖာနှင့် လချေးတွင်းထွက်များ ရောနှော ပါဝင်နေပေသည်။





တွင်းထွက်လောက

ဤမြေကမ္ဘာ၏ သဘာဝဖြစ်စဉ်များသည် အလွန်ရှုပ်ထွေးလှပေသည်။ ယင်းတို့သည် ပတ်ဝန်းကျင်အခြေအနေ၊ အပူချိန်ဖိအားနှင့် ဒဏ်အားများ သက်ရောက်မှု၊ ဖြစ်ပေါ်လာသည့် မူလကျောက်ရည်ပူအမျိုးအစား ပါဝင်သည့် ဒြပ်စင်များ စသည်ဖြင့် အမျိုးမျိုးကွဲပြားလှသည်။ ယနေ့ကမ္ဘာတွင် တွင်းထွက်အမျိုးပေါင်း ၃၀၀၀ ကျော်မျှအထိ လေ့လာတွေ့ရှိပြီး ဖြစ်သော်လည်း နောက်ထပ်အမျိုးကွဲ တွင်းထွက်များစွာ ကျန်ရှိနေပေဦးမည်။

စကြဝဠာသည် အပြောကျယ်လှသည်။ သဘာဝဖြစ်စဉ်များကလည်း အလွန်ဆန်းပြား ထူးခြားလှပေသည်။ ကမ္ဘာ့အတွင်းပိုင်းရှိ ကျောက်ရည်ပူများသည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တိုးထွက်လာကြသည်။ တချို့က အပြင်ဘက်သို့ ရောက်မလာဘဲ အတွင်းပိုင်းမှာပင် အေးခဲကြသည်။ ဗက်သိုလစ်၊ လိုပိုလစ် (ခေါ်) မြေနက်ကျောက်စိုင်ကြီးများအဖြစ် တည်ရှိနေကြသည်။ တချို့သည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ အက်ကွဲကြောင်းများ၊ မီးတောင်ပေါက်ကွဲခြင်းများဖြင့် ရောက်ရှိလာကြသည်။ ယင်းကျောက်များတွင် ဓာတုဖွဲ့စည်းမှုအမျိုးမျိုးရှိသော တွင်းထွက်များ ဖြစ်တည်လာကြသည်။ ဖြစ်တည်ပြီးသော ကျောက်များကို ကမ္ဘာ့မြေတွင်းလှုပ်ရှားမှုများက တွန့်ခေါက်စေသည်။ မြေအောက်အနက်ပိုင်းမှသည် မြေပြင်သို့ တွန်းတင်ပေးသည်။ တချို့မှာ မြေအနက်ပိုင်းသို့ စိုက်ဝင်သွားကြပြန်သည်။ ထိုအခါ ကျောက်များသည် ကျိုးပဲ့သည်။ ကြေမွစေသည်။ ပုံပြောင်းစေသည်။ တွင်းထွက်အသစ်များ ထပ်မံဖြစ်ပေါ်ကြသည်။

လေ့လာစရာမကုန်တော့ပါ

တွင်းထွက်များ၊ ကျောက်များ၏ ထာဝရအစဉ် ပြောင်းလဲနေမှုတို့သည် လေ့လာ၍ ကုန်မည် မဟုတ်ပေ။ သို့ဖြစ်ပါ၍ တွင်းထွက်များ၏ ဖြစ်တည်လာကြပုံ၊ ဓာတုပစ္စည်းများ၏ ရောစပ်မှု၊ ကွဲထွက်မှု၊ ပါဝင်မှု အနည်းအများ၊ ယင်းတို့ကြောင့် လှပသော အရောင်အသွေးစုံသော တွင်းထွက်များ၊ အလင်းပွင့်အားကောင်းသော၊ ကျစ်လျစ်မာကျောသော မျက်နှာပြင်များ ဖြစ်တည်ပုံကို ဆက်လက်လေ့လာကြရန် လိုအပ်ပေသည်။

ကိုကိုပံ့သု (ပခုက္ကူတက္ကသိုလ်)

ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် (Every Child a Reader Campaign) အစီအစဉ်ဖြင့် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ



ရမည်းသင်း၊ နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် (Every Child a Reader Campaign) အစီအစဉ်ဖြင့် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ပြုလုပ်ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၅ ရက်မွန်းလွဲ ၁ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြတ်နိုးသူက ကလေးငယ်များအား စာပေဖတ်ရှုလေ့လာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ စာပေဖတ်ရှုလေ့လာခြင်းအားဖြင့် မိမိတို့၏ ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်နှင့် ဖျော်ရွှင်မှုရရှိလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ အကြီးတန်းစာရေး ဒေါ်သီတာက ၃၈ ဖြာမင်္ဂလာစာအုပ်ထဲတွင် ရေးသားဖော်ပြထားသော လူမိုက်တို့နှင့် မပေါင်းသင်းခြင်း၊ မင်္ဂလာခေါင်းစဉ်ဖြင့် ပုံပြင်ပြောပြခဲ့ပြီး ပြိုင်ပွဲကိုစတင်ကျင်းပရာ ကျွမ်းကျင်-(၃)(ရုပ်သံ) ဒေါ်ယဉ်သူသူလင်းက ဦးဆောင်၍ ပုံပြင်ပြောပြိုင်ပွဲတွင် ငါးဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်အတူ မိဘများအတွက် "မိသားစုနှင့်အတူ စာဖတ်ကြစို့" (Reading Together Campaign) အစီအစဉ်ဖြင့် စာဖတ်ပိုင်းကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဟိန်းပြည့်စေ့(ရမည်းသင်း)

--*-*-*

လူသာ ပစာန

* ဆိုပြောလေ့ထ
မျိုးစေ့မမှန် ပင်မသန်တဲ့
ရှင်သန်ဖို့ရေး ပြုစုပေးလော့
ရေအေးကိုလောင်း မြေဆွေးပြောင်းထည့်
မကောင်းပေါင်းမြက် မရောယှက်ရ
နေ့ရက်မရွေး ပြုစုပေးလျှင်
မနေးလျင်မြန် အပင်သန်လိမ့် ။
* တစ်ဖန်ထို့တူ
စံနမူယူ လူမှာအမျိုး
ကြက်အရိုးဆို မျိုးရိုးမမှန်
ပင်မသန်သို့ သွင်ဟန်မတူ
လူဟာလူပဲ မူမကောင်းပြောင်း
အကျင့်ဟောင်းစွန့် သွင်ပြောင်းလျင်မြန်
သင့်နက်ဖြန်သည် ကန့်ရှဉ့်ညွှန်ထဲ
အမြစ်စွဲလည်း ပြောင်းလဲပွင့်လာ
ပဒုမ္မာကြာ ပမာအသွင်
လူရာဝင်လိမ့်မည် ။ ။

ဝင်းမောင်(မန်း)

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ကျင်းပ



သာစည်၊ နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက သာစည်မြို့ အ.ထ.က(၁) ဝန်ဇင်းမင်းရာဇာ ခန်းမ၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ် ပညာရေးမှူး ဦးမြင့်ကျော်က လူငယ်စကားဝိုင်းမှ ရရှိမည့် အကျိုးကျေးဇူးများကို ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက လူငယ်စကားဝိုင်းပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များနှင့် လူငယ်ရေးရာတို့ကို အသိပညာပေးဟောပြောသည်။ ထို့နောက် ဦးစီးအရာရှိက ဦးဆောင်၍ လူငယ်စကားဝိုင်းကို ပြုလုပ်ရာ Grade-10 နှင့် Grade-11 တို့မှ ကျောင်းသား၊ ကျောင်းသူငါးဦးတို့က လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်အားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့အမြင်များကို ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့် ဌေးများ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား အပူဒဏ် ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများနှင့် သုတ၊ ရသစာအုပ်များ ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၇)

--*-*-*

လူထုအခြေပြုဖဟိုဌာန၌ စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုများ ပြုလုပ်

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၆

ကလေးတိုင်း စာဖတ်သူဖြစ်စေရေး၊ မိသားစုနှင့်အတူ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရေး၊ စာဖတ်သူ လူငယ်များ၏ အနာဂတ်တောက်ပရေးအတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လူထုအခြေပြုဖဟိုဌာန၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုများ ကျင်းပခဲ့သည်။

အဆိုပါ စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုများအဖြစ် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ အ.လ.က(၃)မှ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်အတူ ကလေးပုံပြင်ပြောပွဲ၊ ပုံပြင်နားထောင်၍ ပုံဆွဲခြင်း၊ ဓာတ်ကောင်အကြောင်းပြောပြခြင်း၊ မိဘများနှင့် ကလေးများအတူ စာဖတ်ခြင်း၊ မိသားစုအတွက် ဘဝတိုးတက်ရေးအတွက် စာအုပ်ရွေးချယ်မှု အကြံပြုပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများ အား လူငယ်စာပေကလပ် များဖွဲ့စည်းပေးခြင်း၊ ရက်ပေါင်း ၃၀ အတွင်း စာဖတ်စိန်ခေါ်မှုပြိုင်ပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





ဓာတ်ခရာ၊ မှတ်ခရာ ခုံလင်း ကြေးမုံ

ဓာတ်ပုံများ ကြေးမုံသတင်းထောက်များ ရိုက်ကူးသည်

မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ပုဂံ နိုဝင်ဘာ ၂၆



မန္တလေးတိုင်းဒေသကြီး ၊ ညောင်ဦးမြို့နယ် ပုဂံမြို့၊ ရတနာဘုံစံတောရခမ္မရိပ်သာကျောင်းတိုက်တွင် တည်ထားကိုးကွယ်တော်မူထားသည့် မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာလ ၂ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်)တွင် ရတနာဘုံစံတောရ ခမ္မရိပ်သာကျောင်းတိုက်၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပုဂံမြို့ ရတနာဘုံစံတောရ ခမ္မရိပ်သာကျောင်းတိုက်ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များအတိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်မှ ၆ ရက်ထိ သံဃာတော်များမှ အန္တရာယ်ကင်းပဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ည ၇ နာရီတွင် ပုဂံမြို့ရှိ စေတနာ အလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက မဟာဆန္ဒပြည့် အောင်တော်မူသိမ်ဘုရားကြီးအား ဦးခိုက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်အသင်းများက ပရိတ်ပဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်တွင် ပင့်သံဃာတော်များကို အရုဏ်ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းပြီး ရတနာဘုံစံ တောရ ခမ္မရိပ်သာကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တသာဂရ အမှူးပြုသော သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေခြင်း၊ စေတနာ အလှူရှင်များက သံဃာတော်များကို ဝတ္တုငွေ၊ ဆွမ်း၊ ဆေး အစရှိသည့် ဆွမ်းသပိတ်လုံးများကို လောင်းလှူပူဇော်သွားမည်ဖြစ်သည်။

အဆိုပါ မဟာဆန္ဒပြည့် အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အား အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ယမန်နေ့က ပုဂံမြို့ သီရိပစ္စယာရပ်ကွက်မှ ရပ်မိရပ်ဖများအား ခေါ်ယူ၍ ဘုရားပွဲ ကျင်းပမည့် အစီအစဉ်များအား အခက်အခဲမရှိ အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း ပုဂံမြို့ ရတနာဘုံစံတောရခမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရက မိန့်ကြားသည်။

ပုဂံမြို့ ရတနာဘုံစံတောရ ခမ္မရိပ်သာကျောင်းတိုက်ရှိ မဟာဆန္ဒပြည့် အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ၈ ရက်တို့တွင် ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်ပူဇော်ခြင်း၊ စေတနာအလှူရှင်များနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ဆွမ်းသပိတ်လုံးများ လောင်းလှူပူဇော်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(၄၄၅)



မြသိန်းတန်ဘုရားကြီးတွင် ဆီမီး ၁၀၀၀ ကျော် ထွန်းညှိပူဇော်

မိုးညှင်း နိုဝင်ဘာ ၂၆

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ပေါ်ရှိ အထင်ကရဘုရားဖြစ်သည့် မြသိန်းတန်ဘုရားကြီးတွင် ယမန်နေ့ ညနေ ၅နာရီမှစ၍ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများမှ ဆီမီး ၁၀၀၀ ကျော် ထွန်းညှိပူဇော်ခြင်းများ စတုဒိသာကျွေးမွေးဧည့်ခံခြင်းများနှင့် ဘုရားဖူးလာရောက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်မုန်းလပြည့်ညတွင် မိုးညှင်းမြို့၊ မြို့မရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီးဝင်း၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့် ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ ဘုရားကြီးရင်ပြင်ပတ်လည်တွင် ဆီမီး ၁၀၀၀ ကျော် ထွန်းညှိပူဇော်ခြင်းနှင့် ဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ပြည်သူများအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ စတုဒိသာမုန့်များ ဝေငှပေးလျက်ရှိသည်။

မိုးညှင်းမြို့ပေါ်ရှိ အထင်ကရဘုရားသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများကလည်း ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ ဘက်စုံအလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ ဘုရားရေသပွာယ်ခြင်း၊ ငါးစာကျွေးခြင်း၊ ဘုရားဝတ်ရွတ်အသင်းမှ ဝတ်ရွတ်ပူဇော်ကြခြင်းနှင့် ဥပုသ်သီလဆောက်တည်ခြင်းများအပြင် ဘုရားဖူးပြည်သူများအား အလှူရှင်များမှ စတုဒိသာအဖြစ် ရိုးရာဓလေ့မုန့်များနှင့် အအေးများကျွေးမွေးဧည့်ခံခြင်းများကို အစဉ်အလာမပျက် နှစ်စဉ်ပြုလုပ်ကြလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမိုးညှင်း

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားများတွင် ဆီမီးပူဇော်



ညောင်ဦး နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းစေတီပုထိုးများအား တန်ဆောင်မုန်းလပြည့်နေ့ ည ၇ နာရီမှစတင်ကာ ရွှေစည်းခုံဘုရားကြီး နှင့်သမိုင်းဝင်အထင်ကရ ဘုရားများတွင် ဆီမီးပူဇော်ခဲ့ကြသည်။

ထိုသို့ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းစေတီ၊ ပုထိုးများတွင် ဆီမီး ပူဇော်ခဲ့ကြပြီး ဘုရားနီ၊ အင်ကြင်းဂူ၊ အလိုတော်ပြည့်၊ စိုးမင်းကြီးအုတ်ကျောင်း ပတ်ဝန်းကျင်ဘုရားများ၊ အပွာယ်ရတနာ ပတ်ဝန်းကျင်ရှိ ဘုရားများ၊ ရွှေဆံတော်ပတ်ဝန်းကျင်ရှိ ဘုရားများ၊ အနော်ရထာလမ်းမကြီး ဘေးဘက် ဝဲ၊ ယာဘုရားများတွင် ထိခိုက်မှုမရှိစေဘဲ ဒေသခံများက ဆီမီးများ ပူဇော်ခဲ့ကြသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဂေါပကအဖွဲ့ရှိသော ဘုရား ၁၉ ဆူဖြစ်သည့် ရွှေစည်းခုံဘုရား၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ သဗ္ဗညူ၊ ဗူးဘုရား၊ ကန်တော့ပလ္လင်၊ မဟာဗောဓိ၊ ထီးလိုမင်းလို၊ လောကနန္ဒာ၊ ရွှေဆံတော်၊ ခမ္မရာဇက၊ မနူဟာ၊ မြစေတီ၊ တုရင်တောင်၊ ငှက်ပစ်တောင်၊ ခမ္မရံကြီး၊ စူဌာမဏိ၊ ပြဿဒ်ကြီး ဘုရားများတွင်လည်း ဆီမီးပူဇော်ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းအချိန်မှစတင်ကာ မိတ်ဆွေအပေါင်းအသင်းများ၊ မိသားစုများ၊ ဒေသခံများ၊ မြန်မာပြည်အရပ်ရပ်မှဘုရားဖူးများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အစဉ်အလာမပျက် ဆီမီးပူဇော်ခဲ့ကြကြောင်းသိရသည်။

(အပေါ်ဝဲပုံ) (၄၈၁)



မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ဗြဟ္ဓစိုရ်လူမှုကူညီရေးအသင်းသို့ နိုဝင်ဘာ ၁၇ရက်က ဒေါ်ခင်မြကွယ်လွန်ခြင်း တစ်နှစ်ပြည့်အားရည်စူး၍ နွားထိုးကြီးမြို့နေ ဦးတင်လှိုင်၊ (သမီး) ဦးနေထွန်း+ဒေါ်ခင်သက်မူ၊ ဦးဝင်းဌေး+ဒေါ်သီတာဝင်း မိသားစုမှ ကျောက်ကပ်ဆေးလူနာ ၆၄ ဦးအတွက် အလှူငွေကျပ် ၅၇၆၀၀၀၀ ကို လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ငြိမ်းငြိမ်းနှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

ကျော်မင်းသော်

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ငွေလှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၆

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ် ၆၂လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ နန်းတော်ရှေ့ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၂၈လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြားနေ ဦးကျော်+ဒေါ်ပုလဲ (ကျော်ပုလဲ)မိသားစုက ဆေးရုံအလှူခံဌာနဝင်းအတွင်း ကွန်ကရစ်လမ်းခင်းရန်နှင့်(ညနေ) ဆေးခန်းအတွက် လိုအပ်သောဆေးဝါးများ ဝယ်ယူနိုင်ရန် အလှူငွေကျပ် ၅၅သိန်းကို ယမန်နေ့က အလှူရှင်၏ နေအိမ်တွင်ပေးအပ်လှူဒါန်းရာ ဆေးရုံဥပတ္တမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး သာဓုအနုမောဒနာခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။



ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင် နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့်၁၅လမ်း ထိပ်ရှိ ဆေးရုံအလှူခံဌာန ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-၁)



မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် နိုဝင်ဘာ ၂၃ရက်က နှစ်စဉ် တစ်နေ့တာ ဆွမ်းအလှူရှင် မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး စီမံတွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့် (၅)နှစ်ပြည့်အားရည်စူး၍ ဒေါ်ခင်ဝင်းသူ မိသားစုမှ တစ်နေ့တာဆွမ်းငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နာယကသီဟသုခမ္မမဏိစောတဓရ ဦးကျော်ဝင်း၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီဥက္ကဋ္ဌ သုခမ္မမဏိစောတဓရ ဦးမြင့်အောင်၊ ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ သုခမ္မမဏိစောတဓရ ဦးသန့်စင်၊ ဆွမ်းကွမ်းဥက္ကဋ္ဌ ဦးတင်သန်းနှင့် တာဝန်ရှိသူတို့မှ လက်ခံရယူစဉ်။

(ကဆ)



လူထုအခြေပြုဗဟိုဌာန၌ စိတ်ဓာတ်ခွန်အား စကား ၅၀ စာအုပ် စာဖတ်ဝိုင်းကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ပူးပေါင်းပြီး ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန၌ စာရေးဆရာကောင်းပြည့်သော်ရေးသားသည့် စိတ်ဓာတ်ခွန်အား စကား ၅၀ စာအုပ် စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက အခြေခံကျတဲ့အချက်ကို အရင်ကျင့်ပါ၊ ကျေနပ်တာတွေ တွေးနေပါနှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးကျော်သန်း၊ မောင်ခိုင်ကျော် (ကျောက်ဆည်)က စာအုပ်တွင် ပါရှိသည့် ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်ပါ၊ အမှိုက်ကင်းပါစေ၊ ဝါသနာပါတာကို ဦးစားပေးပါ၊ စိတ်ဓာတ်မကျပါနဲ့၊ အလုပ် လုပ်ခြင်းဖြင့် ကုသပါ၊ လက်တွေ့လုပ်ပါ၊ ကိုယ့်အရည်အချင်းကို အသိအမှတ်ပြုပါ စသည့် အကြောင်းများကို ဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
စုစုအေး(ကျောက်ဆည်)

ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီနှင့် တွေ့ဆုံပွဲ ကျင်းပ

စဉ်ကိုင် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ်ကိုင်မြို့နယ်၌ ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ရန်အောင်မြင်ရပ်ကွက်၊ မြသီတာပန်းခြံအတွင်းရှိ မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေး ဦးကျော်ကျော်လင်းနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၄၅ ဦးခန့် တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ကန့်ဘလူမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ကော်မတီအတွင်းရေးမှူး၊ လယ်ဝေးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေးနှင့် ကော်မတီအဖွဲ့ဝင်၊ စဉ်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်တို့က မိတ်ဆက်အမှာစကားပြောကြားခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များက ပြန်လည်မိတ်ဆက်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူလယ်သမားကိုယ်စားလှယ်များက လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်ချက်များ၊ အခြားသိရှိလိုသည်များအား မေးမြန်းတင်ပြမှုအပေါ် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်ပေးနေမှုများအား ပြန်လည်ရှင်းလင်းတင်ပြခဲ့ပြီး ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် စကားပြောကြားခဲ့သည်။



ထို့နောက် NILAR မြေသြဇာကုမ္ပဏီမှ တက်ရောက်လာကြသည့် တောင်သူများအား သဘာဝမြေသြဇာနှင့် ရွက်ဖျန်းမြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
ကျော်စွာ(စဉ်ကိုင်)
မြို့နယ်-ပြန်/ဆက်

၀-၀-၀-၀-၀-၀

ချောက်မြို့နယ် ပညာရေးမှူးဗလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ချောက် နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အမျိုးသားဘောလုံးပြိုင်ပွဲကို မျိုးဆက်သစ်လူငယ်အားကစားသမားများနှင့် မြို့နယ်အဆင့် ဘောလုံးလက်ရွေးစင်ကစားသမား ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ကျင်းပခဲ့ရာ ချောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲကို အ.ထ.က (စလေ)အသင်းနှင့် အ.ထ.က(၄) ချောက်အသင်းတို့မှ ယနေ့ညနေ ၃နာရီအချိန်က စတင်ယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် မိနစ်၉၀အထိ သရေကျခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အ.ထ.က (စလေ)အသင်းမှ လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ချောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း(၁၁) ကျောင်းမှ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုရရှိသည့် အ.ထ.က(စလေ)အသင်းနှင့် ဒုတိယဆုရရှိသော အ.ထ.က(၄) ချောက်အသင်းတို့ကို အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးမှူး ဦးမန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးဇေထက်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်တို့က ဆုဖလား၊ ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။ **(အောက်ပုံ)**

ကျော်မိုး(ပြန်/ဆက်)



VDP စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှု စစ်ဆေး

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ပိတောက်ကန်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာကော်မတီဝင်များနှင့်အတူ ပိတောက်ကန်ကျေးရွာတွင် အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ကျေးရွာလမ်းကော်မတီဝင်များဖွဲ့စည်း၍ ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံ ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၉၀၊ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၂၄၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါ ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**



ချိုသန်းညွန့်(ကျေးလက်)

ဖူးစားပြောင်းဈေးနှုန်း ကောင်းမွန်သဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မြစ်သား နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး တောင်သူများ မိသားစုဝင်ငွေတိုးပွားစေရန်အတွက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ရွှေကြာအင်း ကျေးရွာရှိ ဖူးစားပြောင်းစိုက်ပျိုးသည့် တောင်သူများ ဖူးစားပြောင်းဈေးကောင်းရရှိ၍ အကျိုးအမြတ်ရရှိသည်။

ဖူးစားပြောင်းစိုက်ပျိုးရာတွင် သကြားပြောင်းနှင့် ထောပတ်ပြောင်းများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် ပြောင်းဖူးရေ ၅၀၀၀ ခန့်ထွက်ရှိသည်။ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၄၀၀ဖြင့်ရောင်းချခဲ့ရပြီး ကျောက်ဆည်မြို့နှင့် မန္တလေးမြို့တို့ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ဈေးကွက်တွင် သကြားဖူးစားပြောင်းကို လူကြိုက်များသဖြင့် ဈေးနှုန်းပိုမိုရရှိပြီး တောင်သူများ အကျိုးအမြတ် ပိုမိုရရှိကြောင်း ဖူးစားပြောင်းစိုက်တောင်သူ ဦးကျော်စွာထံမှ သိရသည်။

(အောက်ပုံ)
ဝါဝါမြင့် (မြစ်သား)

၀-၀-၀-၀-၀-၀



တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

လွိုင်လင် နိုဝင်ဘာ ၂၆

(၂၅)ကြိမ်မြောက် မြန်မာ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံမှ အကြိုကွင်းဆင်းဆေးကုသပေးခြင်းကို နိုဝင်ဘာ ၂၅ ရက်နံနက်ပိုင်းက လွိုင်လင်မြို့ သမိုင်းဝင် မွေတော်ဖီပြဘုရားကြီးဓမ္မာရုံ၌ တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်မြင့်၊ (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါ်ဥမ္မာအေးနှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြရာ လွိုင်လင်မြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးဦးရဲအောင်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လူနာများအားနွေးထွေးစွာ အားပေးစကားပြောကြားခဲ့သည်။ ထို့အတူခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက တိုင်းရင်းဆေးဝါးများ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀



တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီအဖွဲ့သည် နိုဝင်ဘာ ၂၅ရက်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးခုနှစ်အတွင်း ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း(၁၆)ခု အနက် သရဖီလမ်း slab Culvert တည်ဆောက်ခြင်း(၄၀'× ၄'× ၃') လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးစဉ်။ (ကဆ)

စားအုန်းဆီ ၅၅၀ ပိသာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးလျက်ရှိ

ကျောက်ဆည် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပြည်သူများ စားသုံးဆီဝယ်ယူသုံးစွဲရာ၌ အထောက်အပံ့ရရှိစေရန်အတွက် စားအုန်းဆီတင်သွင်းသော သတ်မှတ်အရည်အသွေးပြည့်ဝသည့် Resources Group Trading Co.,Ltd မှ စားအုန်းဆီများကိုဝယ်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်ယူခွင့်စာအုပ်များ ပြုလုပ်ပေး၍ တစ်ကြိမ်ရောင်းချပေးပါက ၂ ပိသာခွဲနှုန်းဖြင့် အပတ်စဉ် ပြည်သူများအား အလှည့်ကျ ရောင်းချပေးလျက်ရှိပြီး ယမန်နေ့က စားအုန်းဆီ ၅၅၀ ပိသာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များဖြစ်သည့် ဒေါ်အိအိမိုး(နေလသုခ-၂)မှ ကျောက်ဆောက်ကလေးကျေးရွာမှ ပြည်သူများအား ၃၁၅ပိသာ၊ သင်ပျိုကျေးရွာမှ ပြည်သူများအား ၁၂၅ပိသာ၊ ဒေါ်သီတာ(စစ်ငြိမ်း) စားအုန်းဆီအရောင်းဆိုင်မှ ချောင်းဆုံကျေးရွာပြည်သူများအား ပိသာ ၁၁၀ စုစုပေါင်း စားအုန်းဆီ ၅၅၀ပိသာ ရောင်းချပေးခဲ့ပြီး ကျန်ရှိနေသည့် ရပ်ကွက်၊ ကျေးရွာပြည်သူများအား အလှည့်ကျ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။ (အောက်ပုံ)

စုစုအေး(ကျောက်ဆည်)



အယ်လ်နီညိုကာလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်လျှော့ချရေး ဗီနိုင်းပိုစတာစိုက်ထူ

တောင်တွင်းကြီး နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ အယ်လ်နီညိုကာလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်လျှော့ချရေး ဗီနိုင်းပိုစတာစိုက်ထူခြင်းကို ယမန်နေ့က တောင်တွင်းကြီးမြို့ လမ်းဆုံမီးပွိုင့် ရန်ကုန်-ပြည် ကားလမ်းမကြီးဘေးတွင် ကျင်းပခဲ့သည်။

အဆိုပါ မြေစိုက်ပိုစတာစိုက်ထူပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တောမီးနှင့် အခြားမီးလောင်ကျွမ်းမှု မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ တက်ရောက်ကာ အယ်လ်နီညိုကာလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်လျှော့ချရေးအတွက် လိုက်နာရမည့်အချက်များ ကြည်လင်သောကောင်းကင်၊ သန့်ရှင်းသောလေရရှိဖို့ မီးရှို့ခြင်းကို ရပ်တန့်စို့နှင့် အယ်လ်နီညိုနှင့် ပူပြင်းခြောက်သွေ့ရာသီတွင် တောမီး၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်ထိန်းချုပ်လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်ရေးခေါင်းစဉ်ဖြင့် သတိပေးဗီနိုင်းပိုစတာ စိုက်ထူခြင်းကို ဌာနဆိုင်ရာများပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးမျိုး(ဗိသနိုးမြေ)

၀-၀-၀-၀

၀-၀-၀-၀-၀-၀

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၁၅၅ ဧကထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၈၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ နေကြာစိုက်ပျိုးခြင်းကို ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ နေကြာ ၄၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာ ၁၅၈၇၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်မှာ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်ကိုလည်း တောင်သူတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းတဲ့ နေကြာမျိုးတွေ စိုက်ပျိုးနိုင်ဖို့ကို သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။ (အောက်ပုံ)

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်း ဆီစားသုံးမှုဖူလုံပိုလျှံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရေး အတွက် နေကြာစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ ပိုးမွားရောဂါ ကင်းရှင်းစေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံနေကြာကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)



ရေချွေတာရေး နည်းလမ်းများ

* ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
* ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
* အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
* အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
* ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

စဉ်ကိုင် နိုဝင်ဘာ ၂၆

ဒီဇင်ဘာ ၄ ရက်တွင် ကျရောက်မည့် (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်(အကြို)(မြို့နယ်အဆင့်) စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အ-ထ-က (စဉ်ကိုင်)၌ ကျင်းပလျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲများကျင်းပရာတွင် အခန်းစောင့် ဆရာ၊ ဆရာမများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ ကဗျာပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူလေးဦး၊ ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူနှစ်ဦးနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၇ ဦး၊ ကဗျာပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၃ ဦး၊ ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ကျော်စွာ(စဉ်ကိုင်)





ကုလားပဲ ၃၇၅၅ ဧကအထိ လျာထားကေပြည့်မီစေရေး တောင်သူများ ကြိုးပမ်းစိုက်ပျိုးဆောင်ရွက်

ပွင့်ဖြူ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ၃၇၅၅ ဧကအထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပြီး လျာထားစိုက်ဧက ပြည့်မီစေရေးအတွက် ဒေသခံတောင်သူများက အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံ ၅၆၀၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ကုလားပဲသီးနှံစိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ၃၇၅၅ ဧက အထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

'ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ကုလားပဲသီးနှံ ၅၆၀၅၁ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ အဲဒီကုလားပဲစိုက်ပျိုးခြင်းကို လက်ရှိအချိန်မှာ ၃၇၅၅ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး သတ်မှတ် လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်တယ်။ ဒီဒေသမှာက စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက် ကုလားပဲသီးနှံစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုလည်း ရှိတယ်။ ကုလားပဲစိုက်ပျိုးတာ နဲ့ပတ်သက်ပြီး တောင်သူတွေကို မျိုးသန့်မျိုးစေ့များ ရွေးချယ်မှု မှန်ကန်စေရေး၊ မြေဆီလွှာကောင်းမွန်အောင်ပြုပြင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျ သုံးစွဲတတ်စေရေး၊ ပိုးမွှားရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းရေးစတဲ့ စိုက်ပျိုးရေးအသိပညာပေးတာတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေတယ် 'ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။ **(အပေါ်ပုံ)**

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

(၄၄၅)

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည် ပြုပြင်သုံးစွဲစို့။

အိမ်မြင့်စံကျေးရွာ ရွှေအိမ်စံစာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲများကျင်းပ

တံတားဦး နိုဝင်ဘာ ၂၆



မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အိမ်မြင့်စံကျေးရွာ စာကြည့်တိုက်ကော်မတီအဖွဲ့များ၊ ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းတို့ ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် သားကောင်းသမီးရတနာများ ပေါ်ထွန်းလာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများ နှုတ်မှုစွမ်းရည်နှင့် လူအများရှေ့ ရဲဝံ့စွာပြောဆိုစေရေး၊ စာဖတ်သည့်အလေ့အကျင့် ကောင်းများရရှိလာပြီး စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ပြိုင်ပွဲများကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာ 'ရွှေအိမ်စံ' စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင် ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးနေလှိုင်ဖြိုးက စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က စာကြည့်တိုက်နှင့် ပတ်သက်ပြီး ကျောင်းသား၊ ကျောင်းသူများအပါအဝင် ဆရာ၊ ဆရာမများ၊ ကျေးရွာသူ၊ ကျေးရွာသားများ စာကြည့်တိုက်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြပွဲ၊ ပြိုင်ပွဲများကို အချိန်မရွေး ဆောင်ရွက်ပေးနေကြောင်းနှင့် ကလေးအလုပ်သမားပပျောက်ရေးအကြောင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မူ/လွန်(အိမ်မြင့်စံ)ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတို့ကို အမှတ်စဉ်အလိုက် ခေါင်းစဉ်များကို မဲနှိုက်ပြီး ပါဝင်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၀၉)

၀-၀-၀-၀-၀

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

တာချီလိတ် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးနှင့် အမျိုးသမီးငယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာများရရှိစေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၁၂၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တာချီလိတ်)မှ ရဲအုပ်သင်းသင်းလှိုင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများကို အလေးထားလိုက်နာရန်၊ မော်တော်ယာဉ်များ သတ်မှတ်အရှိန်နှုန်းထက်မကျော်လွန်စေရန်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် လုံခြုံရေး ဦးထုပ်ဆောင်းရန်၊ သတ်မှတ်နံပါတ်ပြားများ တပ်ဆင်ရန်နှင့် တာချီလိတ်မြို့၌ ယာဉ်တိုက်မှုဖြစ်စဉ်များတွင် အရေးယူဆောင်ရွက်ထားရှိသည့် ဖြစ်စဉ်များကို ပါဝါပွိုင့်မှတ်တမ်းများဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းရှိ ဝန်ထမ်း ၁၀ ဦးနှင့် သင်တန်းသူ အမျိုးသမီးငယ် ၃၀ ဦးတို့အား ဆိုင်ကယ်စီးဦးထုပ် အလုံး ၄၀ နှင့် အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ လုပ်ငန်းခွင် မီးဘေးလုံခြုံရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မင်းဘူး နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ လုပ်ငန်းခွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကျော်နိုင် ဦးဆောင်၍ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၊ ခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် တပ်ဖွဲ့ဝင်များက နဂါးနီပုဂ္ဂလိက ဆေးရုံသို့ သွားရောက်ပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူရှိန်လွန်ကဲပြီး မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လုပ်ငန်းခွင်များတွင် မီးသတ်ဆေးဘူးများ အရန်သင့်ချိတ်ဆွဲထားရှိရေး၊ လျှပ်စစ်မီးလိုင်းနှင့် မီးကြိုးများ စနစ်တကျ သွယ်တန်းတပ်ဆင်အသုံးပြုရေး၊ အရေးပေါ် ထွက်ပေါက်၊ အရေးပေါ် အချက်ပြမီး Fire Alarm များ ကြံ့ခိုင်ကောင်းမွန်ရေး၊ ရေစုကန်များတွင် ရေများ အရန်သင့်ဖြည့်တင်းထားရှိရေး၊ မီးသတ်ရေပိုက်လိုင်း၊ ရေမော်တာများနှင့် အပေါ့စား မီးငြိမ်းသတ်စက်များ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အကြံပြုဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၀)

ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိ

ကျွန်းလှ နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို ကျွန်းလှမြို့ မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ အပတ်စဉ် အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကိုယ်ဝန်ဆောင်မိခင်များအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမများက သွေးပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန် ချိန်ခြင်း၊ သန္ဓေသားအနေအထား မှန်၊ မမှန်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အပြင် ကာကွယ်ဆေးမထိုးနှံရသေးသည့် ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့ရောဂါနှင့်မေးခိုင်ရောဂါကာကွယ်ဆေးများကို လစဉ် လဆန်း ၁ ရက်တိုင်း ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**



(၄၈၀)

ဦးဇော်ဝင်းလှိုင်(၁၂/မဂဒ(နိုင်)၁၄၇၀၈၆)၊ ဒေါ်အိမ်ချစ်(တောင်ကိတပညာရှင်)(၁၂/လမတ(နိုင်)၀၃၆၃၃၉)နှင့် မိသားစုဏ္ဍ ဂုဏ်သိက္ခာအား ညှိုးနွမ်းစေရန် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ပြုမူပြောဆိုမှုများနှင့် ပတ်သက်၍ အများသိစေရန်အထူးသတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာ(၄)လမ်း၊ မြကန်သာကွန်ဒို၊ အမှတ်(73/C)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းလှိုင်(ဘ)ဦးအောင်မျိုးစံ(၁၂/မဂဒ(နိုင်)၁၄၇၀၈၆)နှင့် ဒေါ်အိမ်ချစ်(တောင်ကိတပညာရှင်)(ဘ)ဦးခင်မောင်ညွှန့်(၁၂/လမတ(နိုင်)၀၃၆၃၃၉)တို့၏ တရားဝင်လွှဲအပ်ချက်အရ အောက်ပါအတိုင်း အတိအလင်းသတိပေးတားမြစ်ကြေညာလိုက်သည်။

ကျွန်ုပ်မိတ်ဆွေဒေါ်အိမ်ချစ်(တောင်ကိတပညာရှင်)အနေဖြင့် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများနှင့် မောင်နှမများသဖွယ်ခင်မင်ရင်းနှီးသော ဆက်ဆံရေးရှိခဲ့ကြပြီး မိသားစုဂုဏ်သိက္ခာ၊ မိမိ၏ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရားကို ထိခိုက်စေသည့် ပြုမူဆက်ဆံမှုများ မပြုလုပ်သော်လည်း ဒေါ်အိမ်ချစ်(တောင်ကိတပညာရှင်)နှင့် ခင်ပွန်းဦးဇော်ဝင်းလှိုင်တို့ မိသားစု၏ အမည်၊ ဂုဏ်သတင်း ထိခိုက်စေရန် ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် Social Media တွင် ဖော်ပြရေးသားဖြန့်ဝေနေသောကြောင့် ကျွန်ုပ်မိတ်ဆွေများ၏အမည်၊ ဂုဏ်သတင်းများစွာထိခိုက်ရပါသည်။ Facebook Account များ၊ Tiktok Account များက ရေးသားဖြန့်ဝေထားသော ကျွန်ုပ်မိတ်ဆွေများ၏ အမည်၊ ဂုဏ်သတင်းညှိုးနွမ်းစေသည့် Post များကို Link များနှင့်အတူ စုဆောင်းထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေများ၏အမည်၊ ဂုဏ်သိက္ခာထိခိုက်စေရန် ရည်ရွယ်ပြီး ဆက်သွယ်ရေးကွန်ရက် Social Media အား အသုံးပြုကာ အဆင်အခြင်မဲ့ရေးသားဖြန့်ဝေနေခြင်းအား ရပ်တန့်ရန် သတိပေးလိုက်သည်။

ထပ်မံအသိပေးလိုသည်မှာ ဆက်သွယ်ရေးကွန်ရက် Social Media တွင်ဖြစ်စေ၊ သတင်းစာတွင်ဖြစ်စေ၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ကျွန်ုပ်မိတ်ဆွေများ၏အမည်၊ ဂုဏ်သိက္ခာ ညှိုးနွမ်းထိခိုက်စေရန်ရေးသားဖော်ပြခြင်း၊ ဖြန့်ဝေခြင်း မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်နေပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့်အများသိစေရန် သတိပေးကြေညာလိုက်သည်။

